ပုဗ္ဗေစ ကတပုညတာ ဧတံ မင်္ဂလ မုတ္တမံ၊ ရှေးကောင်းမှုကံရှိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ သောကြာနေ့၊ အတွဲ (၄၁)၊ အမှတ် (၁၀၁)

ယနေ့ထုတ်
စောင်ရေ
၂၀၂၁၅၆

မှတ်တမ်းတင်ဓာတ်ပုံရိုက်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုသည့်အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ယနေ့ကမ္ဘာကြီးတွင် ပညာရေးကိုဗဟိုပြုပြီး အလွန်လျင်မြန်သည့်အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေ ပညာလွှမ်းမိုးသောခေတ်တွင် အရည်အသွေးမြင့်မားသည့်လူ့စွမ်းအားအရင်းအမြစ်များ အနာဂတ်ဖန်တီးရှင်များဖြစ်လာ ပါရဂူဘွဲ့ရပညာရှင်များ အရည်အသွေးမြင့်မားသည့်ပညာရပ်ဆိုင်ရာစွမ်းအား ပိုမိုတိုးတက်မြင့်မားအောင်စွမ်းဆောင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုသည့်အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန အောက်ရှိ ရန်ကုန်တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိသော ဒေါက်တာ သီတာညွန့်သန်းအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၈

ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုသည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမဥ္စကင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ဂုဏ်ပြုသည့်အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဖွဲ့ဥက္ကဋ္ဌများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကျမ်းကြီးကြပ်သည့်ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဂုဏ်ပြုခံ ပါရဂူဘွဲ့ရ ပညာရှင်များ၊ ယခင် ပါရဂူဘွဲ့ရရှိပြီးသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အင်အားသစ်များတိုးပွားလာ

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရန် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်အတွင်း အဆင့်မြင့်

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံရေးဦးတည်ချက် (၄) ရပ်	စီးပွားရေးဦးတည်ချက် (၄) ရပ်	လူမှုရေးဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

9-1 (1).p65 1 3/24/05, 10:50 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

နယ်ချဲ့၏ဆိုးမွေ မူးယစ်ဆေးဝါးအန္တရာယ် မြန်မာ့မြေပေါ်မှ ချုပ်ငြိမ်းပျောက်ကွယ်ရေးကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်း ချမှတ်ကာ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းနှင့် ပန်းတိုင်သစ်စီမံကိန်းများအရ အစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို ၂၀၀၃ခုနှစ်အတွင်းအရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလအထိ နှစ်ချင်းသီးနှံမျိုးစေ့ ဖြန့်ဖြူးမှုအနေဖြင့် အထွက်ကောင်းစပါးမျိုး၊ အစေ့ထုတ်ပြောင်း၊ ဂျူးပဲမျိုးစုံ စသည့်သီးနှံမျိုးစေ့ ၈၂၂တင်း၊စပ်စပါးမျိုး၊စပ်မျိုးပြောင်း၊ ဆီထွက်သီးနှံနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့ ၃၉၅၇၅ဖကီလို၊ စားဖိုဆောင်သီးနှံမျိုးစေ့၃၆၅၆ပိဿာ ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ နှစ်ရှည်ပျိုးပင်အရေအတွက် ၅၅၉၃၂၃ပင်၊ ဓာတ်မြေဩဇာဖြန့်ဖြူးမှု၁၆၁၆ဒသမ၆တန်၊ပိုးသတ်ဆေးရည် ၇၆၅ဒသမ ၅လီတာ၊ ပိုးသတ်ဆေးမှုန့် ကီလို၈၀ရှိခဲ့ပြီး သီးနှံစံပြကွက်ဆောင်ရွက်နိုင်မှု ၂၁၇၅ဒသမ၅ဧက၊ သီးနှံစမ်းသပ်ကွက် ၇၆ ဒသမ၅ ဧက၊ ဘိန်းအစားထိုးစိုက်ပျိုးရေးအတွက် မြေယာဖော်ထုတ်ပေးနိုင်မှု ၆၀၁၇ဧကရှိခဲ့သည်။

၂၀၀၃ခုနှစ်အတွင်း စီမံကိန်းဝင်နယ်မြေဒေသကျေးရွာများတွင် တိရစ္ဆာန်ကာကွယ်ဆေးထိုးခြင်း၊ ရောဂါကုသပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ် ပန်းတိုင်သစ်ရန်ပုံငွေမှထုတ်ပေးခဲ့သည့် ငွေကျပ်၁၂၅သိန်းဖြင့် မျိုးဝက်၊ မျိုးကြက် ဖြန့်ဖြူးခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းနှင့်လွယ်ယုံဒေသ၊ မိုင်းဆတ်မြို့နယ်နှင့်မိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ကွမ်ဟိန်းနှင့်ဟိုမိန်းဒေသ၊ ‘ဝ’ဒေသပန်ဆမ်း၊နမ့်တစ်၊ မိုင်းမော၊ပန်ဆိုင်းနှင့်ဒီမားနယ်မြေများတွင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။အလားတူ ကိုးကန့်ဒေသ မွေးမြူရေးလုပ်ငန်း အထူးစီမံချက်အရနို့စားနွား၊ဆိတ်၊ ကြက်စသည့် တိရစ္ဆာန်များကို သက်ဆိုင်ရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ၂၀၀၃ခုနှစ်အတွင်း ဖြန့်ဖြူးပေးခဲ့သည့်အပြင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့်လည်း ငါးသားပေါက်ကောင်ရေ ၁ဒသမ၁သိန်း မျိုးစိုက် ထည့်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနနှင့်ယူနီဆက်(ဖ်)တို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းအခြေပြုကိုယ်စိတ်ကျန်းမာဘဝတာနှင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် တားဆီးနှိမ်နင်းရေးစီမံကိန်းအရ စီမံကိန်းဝင်မြို့နယ် ၄၀မှ အခြေခံပညာအထက်တန်း ဆရာဆရာမများကို သင်တန်းပို့ချလေ့ကျင့်ပေးခြင်း၊ ကော့သောင်းခရိုင် မူးယစ်ဆေးဝါးကင်းမဲ့ဒေသတည်ဆောက်ရေးစီမံကိန်းအရ ကော့သောင်းမြို့နယ်၊ဘုတ်ပြင်းမြို့နယ်များမှ အခြေခံပညာ ဆရာ ဆရာမများအား မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးသင်တန်း ဖွင့်လှစ်ခြင်း၊ သင်တန်းတက်ရောက်ခဲ့ပြီးသည့် ဆရာဆရာမများမှ ကော့သောင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းသားကျောင်းသူ ၅၅၀၀တို့အား မူးယစ်ဆေးဝါးအန္တရာယ်၊ ခုခံအားကျဆင်းမှုရောဂါ၊စိတ်ကြွရူးသွပ်ဆေးပြားနှင့်ဆေးလိပ်အန္တရာယ် အသိပညာပေးဆွေးနွေးပို့ချခြင်းများ တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ခဲ့သည်။ အလားတူ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနည်းပြသင်တန်းကို မန္တလေးမြို့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်ကြသည့် World Vision Care, ADRA အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်အထူးဒေသ(၁)မှ ဘိန်းမစိုက်ပျိုးတော့သည့် တောင်သူများအတွက် ဆန်တန်ချိန် ၇၆၀ကို ၂၀၀၃ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများအတွင်း ဖြန့်ဖြူးထောက်ပံ့ပေးခဲ့သည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ဖြင့် ကိုးကန့်ဒေသ ဘိန်းမစိုက်ပျိုးတော့သည့် တောင်သူများအတွက် ဆန်တန်ချိန် ၇၆၀ လှူဒါန်းခဲ့ခြင်းသည် မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်း ဆောင်ရွက်ချက်အပေါ် နိုင်ငံတကာအဖွဲ့အစည်းများက အသိအမှတ်ပြု ထောက်ပံ့ကူညီလာခြင်းကို ဖော်ညွှန်းသည့် ပြယုဂ်တစ်ခုပင် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများနှင့်လည်းကောင်း အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အလျောက် နယ်ချဲ့၏ဆိုးမွေဖြစ်သော မူးယစ်ဆေးဝါးအန္တရာယ်သည် မြန်မာ့မြေပေါ်မှ သတ်မှတ်ကာလအတွင်း ချုပ်ငြိမ်းပျောက်ကွယ်သွားမည်ဟုယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ အာဆီယံဝန်ကြီးများ အစည်းအဝေးတက်ရန် ပြည်ထဲရေးဝန်ကြီး ထိုင်းသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၈

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်သည် ဇန်နဝါရီ ၇ရက်မှ ၁၀ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် စတုတ္ထအကြိမ် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ အာဆီယံဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ်အာဆီယံဝန်ကြီးများ+၃ အစည်းအဝေးသို့တက်ရောက်ရန် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

လိုက်ပါပို့ဆောင်

ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်အား ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင်ကြသည်။ **(သတင်းစဉ်)**

အနုပညာသင်တန်းသစ်များဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၈

အနုပညာသင်တန်းသစ်များကို နတ်သမီး အနုပညာလုပ်ငန်းစုမှ မကြာမီထပ်မံတိုးချဲ့ ဖွင့်လှစ်ရန် စီစဉ်ထားရာ တစ်ကြောင်းဆွဲကာတွန်းမှ ရုပ်ပြနှင့်လုံးချင်းကာတွန်းများ ရေးဆွဲနိုင်မည့် ကာတွန်းသင်တန်း၊ လက်တွေ့အသုံးချ ဇာတ်ညွှန်းရေးသင်တန်း၊ ကမ္ဘာ့အဆင့်မီ အပြည်ပြည်ဆိုင်ရာ အကသင်တန်း၊ အဆိုပညာအဆင့်မြင့်သင်ကြားပေးမည့် ခေတ်ပေါ်အဆိုသင်တန်း၊ သရုပ်ဆောင်နှင့် ဗွီစီဒီရိုက်ပညာရပ်များအတွက် Entertaining Art Courses သင်တန်းအပါအဝင် သင်တန်းငါးမျိုးအတွက် တက်ရောက်လိုသူများအား စတင်လက်ခံနေပြီဖြစ်သည်။

ထို့ပြင်ယခင်ဖွင့်လှစ်ခဲ့သောပန်းချီ၊ ဂစ်တာတီးနှင့်ပေါင်းသင်းဆက်ဆံမှု သင်တန်းများကိုလည်း တန်းခွဲသစ်များ ဖွင့်လှစ်ပေးမည်ဖြစ်ရာ အိမ်အရောက်သင်ကြားပို့ချမည့် အစီအစဉ်များရှိသဖြင့် စိတ်ပါဝင်စားသူများ နတ်သမီး အနုပညာလုပ်ငန်းစု အမှတ် ၂၈၁ လမ်း ၄၀(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၈၁၁၇၈ သို့ ဆက်သွယ်သင်ကြားနိုင်ကြောင်းသိရသည်။

(က-ပ)

သြဝါဒစကား ပြောကြား

သချ်ာမိသားစု၏ အာစရိယပူဇော်ပွဲကို ရန်ကုန်တက္ကသိုလ် သချ်ာဌာန၌ ဇန်နဝါရီ ၃ ရက် နံနက်ကကျင်းပရာ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်ပါမောက္ခ ဒေါက်တာခင်အေးအေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပါမောက္ခဦးဘတုတ်က သြဝါဒစကားပြောကြားစဉ်။ (က-ပ)



ပညာရွှေတောင်စာအုပ်တိုက် အမှတ် ၉၀/၉၁ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၄၂၈၃၃က ထုတ်ဝေဖြန့်ချိသော ဆရာရန်အောင်ဟိန်း၏ မျက်နှာပြင်ပေါ်မှ သင့်ကံတရား စာအုပ်မျက်နှာဖုံး။ (က-ပ)

လှိုင်မြို့နယ် အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၆)ရပ်ကွက် ဘူတာရုံလမ်း ဇေယျဝတီ ပရိယတ္တိစာသင်တိုက်တွင် ဇန်နဝါရီ ၁၀ရက် စနေနေ့ည၌ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်၊ ၁၁ရက် (တနင်္ဂနွေနေ့)ည၌ ဒေါက်တာဘဒ္ဒန္တအာဒိစ္စဝံသအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်မဟာဌာနမှူး၊ ၁၂ရက်(တနင်္လာနေ့) ည၌ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓ တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဆရာတော် အရှင်သူမြတ်များက တရားအစဉ်မမြွအမြင်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

၂၀၀၄ခုနှစ် တရုတ်ရိုးရာဟောကိန်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၈

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းစာတည်းအဖွဲ့မှ စီစဉ်ထုတ်ဝေထားသည့် တရုတ်ရိုးရာ ဟောကိန်းများကို ပုံရိပ်ရှင် ၁၂ မျိုးအတွက် တစ်မျိုးတစ်အုပ်စီ ထုတ်ဝေထားသည်။

၂၀၀၄ခုနှစ်အတွင်း ဖြစ်ပျက်ကြုံတွေ့ရမည့် အချက်များကို ရက်ပိုင်းအလိုက် ဟောဆိုထားသည့် စာအုပ်ဖြစ်သည်။

(အပေါ်ဝဲပုံ) (က-ပ)

ဆရာဝန်အသင်းညီလာခံ တက်ရောက်မည့်သူများ မှတ်ပုံတင်နိုင်

ရန်ကုန် ဇန်နဝါရီ ၈

အကြိမ်(၅၀)မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကို ဇန်နဝါရီ၁၄ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ယင်းညီလာခံသို့ တက်ရောက်မည့် ဆရာဝန်များသည် ဇန်နဝါရီ ၁၀ ရက်မှစ၍ အသင်းခန်းမဆောင်(ဘီ)၌ ရုံးချိန်အတွင်း မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၈

မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် ဆုတောင်းပြည့် ရန်အောင်မာတ်ကြေစေတီတော်ဝင်းအတွင်းတွင် ဇန်နဝါရီ ၁၀ရက်ည ၆နာရီ၌ ဓမ္မဒူတအရှင်ပညိသဃရက လည်းကောင်း၊ ၁၁ရက် ည ၆နာရီတွင် တွံတေးအရှင်ဣန္ဒက ကလည်းကောင်း၊ ၁၂ရက် ည ၆နာရီတွင် အရှင်ခေမာသီရိလင်္ကာရက လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

သံအမတ်ကြီးဦးကြည်သိန်း အိန္ဒိယသမ္မတထံခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇန်နဝါရီ ၉

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီးဦးကြည်သိန်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် နယူးဒေလီမြို့၌ အိန္ဒိယသမ္မတနိုင်ငံသမ္မတ ရှရီ၊အေ၊ပီ၊ဂျေအဗ္ဗဒူလ်ကလမ်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

သံအမတ်ကြီးဦးသိန်းမြင့် ဘင်္ဂလားဒေ့ရှ်သမ္မတထံခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇန်နဝါရီ ၉

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသိန်းမြင့်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ဒေါက်တာ အီယာကျူဒင်အာမက်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄ ဖွင့်ပွဲအခမ်းအနားတွင် ပြပွဲအတွင်းပြသထားသော ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (မြန်မာ့အလင်း)

▲ *ကျောဖုံးမှ*

ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီးရှိ ရန်ကုန်ကုန်သွယ်မှုဇဟိုဌာန၌ ကျင်းပရာ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း တက်ရောက်ချီးမြှင့်၍ ဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်လိုက်ကာကို အဝေးထိန်း စက်ခလုတ်ဖြင့် နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ပြပွဲဖွင့်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များ အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကုမ္ပဏီများနှင့် ပြည်တွင်းမှ ဆန်စက်လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ အထူးဖိတ်ကြားထားသူများ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

အစီအစဉ်အရ ပြပွဲကျင်းပရာ အဆောက်အအုံ၏ ဥပစာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်၍ မြန်မာ့ဆန်စက်လုပ်ငန်း ပြပွဲ–၂၀၀၄ ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်လိုက်ကာကို အဝေးထိန်းစက်ခလုတ်ဖြင့် နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကူညီပံ့ပိုးပေးလျက်ရှိ

ယင်းနောက် ပြပွဲဖွင့်ပွဲ အခမ်းအနားကို အဆောက်အအုံ၏ ဒုတိယထပ်၌ ဆက်လက်ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အမှာစကားပြောကြားရာတွင် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲလို ပြပွဲမျိုးကို မြန်မာနိုင်ငံတွင် ယခုပထမဆုံးအကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဆန်စပါးရောင်းဝယ်ရေးမူဝါဒသစ် ပြဋ္ဌာန်းကြေညာခဲ့ပြီးနောက် ပုဂ္ဂလိကများ အနေဖြင့် ဆန်စပါးကို ပြည်တွင်း၊ ပြည်ပ၌ လွတ်လပ်စွာ ရောင်းဝယ်ခွင့်ရရှိပြီးဖြစ်ကြောင်း၊ ထို့အပြင် ယင်းပြပွဲ မျိုး ကျင်းပပြုလုပ်ခြင်းကြောင့် ပုဂ္ဂလိကဆန်ကုန်သည်များ၊ ဆန်စက်ပိုင်ရှင်များနှင့် ဆန်ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ခေတ်မီဆန်ကြိတ်ခွဲရေးနည်းပညာများ၊ စက်ယန္တရားများ၊ စက်ကိရိယာများနှင့်ထိတွေ့ကျွမ်းဝင်မှု ရှိလာသည့်အခါ အရည်အသွေးမြင့်မားသော မြန်မာ့ဆန်များ တိုးတက်ထုတ်လုပ်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

ထို့ကြောင့် ဤပြပွဲကြီးကို ရည်ရွယ်ချက်ငါးရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းရည်ရွယ်ချက်များမှာ အပြည်ပြည်ဆိုင်ရာ ဆန်ဈေးကွက်များတွင် မြန်မာ့ဆန် ပြန်လည်နေရာရရှိလာစေရန်နှင့် ဈေးကွက်ကို ထိန်းထားနိုင်ရန်၊ အရည်အသွေးမြင့်မားသည့် မြန်မာ့ဆန်များ ထုတ်လုပ်နိုင်စေရန်၊ မြန်မာနိုင်ငံ၏ ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများတိုးတက်ရရှိအောင် ဆောင်ရွက်နိုင်စေရန်စသည့် ရည်ရွယ်ချက် ငါးရပ်ဖြစ်ကြောင်း။

ယနေ့ မြန်မာနိုင်ငံတွင် ပုဂ္ဂလိက ဆန်စက်အများစုသည် နှစ်ပေါင်း ၄၀–၅၀လောက်ကတည်းက တည်ဆောက်ကြိတ်ခွဲလာခြင်း ဖြစ်သည့်အတွက် ယနေ့အချိန်အခါတွင် အရည်အသွေး မြင့်မားသည့် ဆန်များ မကြိတ်ခွဲနိုင်တော့ကြောင်း၊ ထို့ကြောင့် စပါးကနေ ဆန်ဖြစ်လာအောင် ကြိတ်ခွဲထုတ်လုပ်သည့် အခန်းကဏ္ဍတွင် ပုဂ္ဂလိက ဆန်စက်များ ခေတ်မီတိုးတက်လာစေရန် အရေးတကြီး ဆောင်ရွက်လုပ်ကိုင်သွားရန်လိုအပ်ကြောင်း။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတုန်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် ဆန်စပါးအရည်အသွေးမြင့်မားရေး လိုအပ်ချက် ဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ယင်း စာတမ်းဖတ်ဆွေးနွေးပွဲ၏ ရလဒ်အဖြစ် ယနေ့ ဖွင့်ခဲ့သည့် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄ကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း ပုဂ္ဂလိကဆန်ကြိတ်ခွဲ ထုတ်လုပ်ရေးတွင် ကူညီပံ့ပိုးပေးသည့် အနေဖြင့် တတ်သိကျွမ်းကျင်ပြီးဖြစ်သော နိုင်ငံ့ဝန်ထမ်းများက ဆွေးနွေးပွဲများ၊ ဆန်စပါးလုပ်ငန်းဆိုင်ရာပြပွဲများ၊ သင်တန်းများတွင် ပါဝင်ကူညီပံ့ပိုးပေးလျက်ရှိကြောင်း။

မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄ တွင် ပြည်တွင်းပြည်ပရှိ ကုမ္ပဏီများက ထုတ်လုပ်သည့် ဆန်စက်များ၊ ဆန်စက်နှင့်ဆက်စပ်သောစက်ကိရိယာ ယူနစ်များ၊ ဆန်စက်အပိုပစ္စည်းများ၊ အခြားစက်ပိုင်းဆိုင်ရာ ပစ္စည်းများကို ပြသသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် တောရောမြို့ပါ သုံးနိုင်သည့် ဆန်စက်ငယ်များကို အလေးပေးပြသထားကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံတွင်ဆန်ကြိတ်ခွဲထုတ်လုပ်ရေးလုပ်ငန်းများအဆင့်ဆင့် ပြောင်းလဲတိုးတက်လာပုံများကိုလည်း မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းက ခင်းကျင်းပြသထားကြောင်း။

ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ဆန် အရည်အသွေး မြင့်မားရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်ရေးကို သက်ဆိုင်ရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက နည်းပညာနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသည်ကို အားလုံးက သိကြကြောင်း၊ မြန်မာနိုင်ငံသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာရေးတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံကနေ စက်မှုနိုင်ငံဖြစ်လာအောင် လုပ်ဆောင်သည့်နေရာတွင် ယခုလိုပြပွဲမျိုးသည် တွန်းအားတစ်ခုပင်ဖြစ်ကြောင်း။

ယင်းပြပွဲတွင် ပြည်တွင်းက ဆန်စက်နှင့် အပိုပစ္စည်းထုတ်လုပ်သူများအနေဖြင့် သွင်းကုန်အစားထိုး စက်ကိရိယာပစ္စည်းများကို တစ်နိုင်တစ်ပိုင် ပြသခွင့်ရမည်ဖြစ်သည့်အတွက် ဆန်စက်နှင့်ပတ်သက်ပြီး မည်သည့်ပစ္စည်းများကို မည်သို့သောနေရာ၌ ဝယ်လျှင် အရည်အသွေး ကောင်းကောင်းနှင့် ဈေးနှုန်းချိုချို ရရှိမည်ဆိုသည့် ဆန်စက်လုပ်ငန်းနှင့် ပတ်သက်နေသော စက်ပိုင်များ၊ ကုန်သည်များအတွက် များစွာတန်ဖိုးရှိလိမ့်မည်ဟု ယုံကြည်ကြောင်း၊ ထို့အပြင် ဆန်စက်ပစ္စည်းထုတ်လုပ်သည့် ဂျပန်နိုင်ငံက ဆာတာကေး၊ မလေးရှားနိုင်ငံ NEXUS Agricultural Resources Co.၊ Cimbria Fareast Co.၊ ကိုရီးယားနိုင်ငံက Jing Yong Co.စသည့်ကုမ္ပဏီများအပြင် ပြည်တွင်းက စံအိမ်နီ အင်တာနေရှင်နယ်၊ ဝါတာနာထရေးဒင်း၊ သောင်းဝင်း စက်မှုလက်မှု၊ စိုးလှုပ်စစ်၊ ဟန်စိန်သန့် အင်ဂျင်နီယာရင်း၊ ဂွတ်ဘရားသား စသည့် ကုမ္ပဏီများကလည်း ပါဝင်ပြသမည်ဖြစ်ကြောင်း၊ ဆန်စက်ပိုင်ရှင်များအနေဖြင့် လာရောက်ပြသသည့် ကုမ္ပဏီများနှင့် ဆွေးနွေးပြီး အရည်အသွေးကောင်းမွန်သော ဆန်များ ထုတ်လုပ်သွားနိုင်ရန် ခေတ်မီစက်ကိရိယာများ ဝယ်ယူတပ်ဆင်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း။

အကျိုးကျေးဇူးရရှိလာမည်

ယင်းဆန်စက်လုပ်ငန်းပြပွဲအပြင် ပြပွဲကျင်းပနေစဉ်ကာလအတွင်းတွင် မြန်မာပညာရှင်များ၊ ဂျပန်ပညာရှင်များ၊ မလေးရှားပညာရှင်များက စုစုပေါင်းစာတမ်း ၁၂ စောင်ကို နေ့စဉ်သုံးရက်တိတိ နံနက်ပိုင်းများတွင် တင်ပြဖတ်ကြားဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ ယင်းစာတမ်းများကို လေ့လာကြည့်မည်ဆိုလျှင် ဆန်စက်များအကြောင်း၊ ဖွဲ့နုဆီစက်ထုတ်လုပ်ပုံ၊ စပါးအခြောက်ခံစက်၊ ပေါင်းဆန်ထုတ်လုပ်မှု၊ ဆန်သုံးစွဲမှုပုံစံအမျိုးမျိုး၊ ဆန်စပါးလုပ်ငန်းနှင့်စံချိန်စံညွှန်း၊ ဆန်စက်များခေတ်မီတိုးတက်ရေး၊ မြန်မာ့ဆန်ကမ္ဘာ့ဈေးကွက်တွင် တွင်ကျယ်စွာ ရောင်းချနိုင်ရေးစသည့် ဘာသာရပ်ဆိုင်ရာ စာတမ်းများပါဝင်သည့်အတွက် သက်ဆိုင်ရာ ပုဂ္ဂလိက ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များ၊ ဆန်ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် တက်ရောက်နားထောင်ဆွေးနွေးသွားခြင်းဖြင့် ဆန်စပါးရောင်းဝယ်ကြိတ်ခွဲထုတ်လုပ်ရေးနှင့်ပတ်သက်သည့် ဗဟုသုတ အတွေ့အကြုံများကို ဖလှယ်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ အမှန်ပြောရမည်ဆိုလျှင် ယင်းပြပွဲသည် ပြည်တွင်းပြည်ပ ပေါင်းစပ်ထားခြင်းဖြစ်သည့်အတွက် နိုင်ငံတကာပြပွဲတစ်ခုဖြစ်သည်ဟု ဆိုနိုင်ကြောင်း။

နောက်ဆုံးအနေဖြင့် တင်ပြရလျှင် တစ်ချိန်က မြန်မာ့ဆန်သည် ကမ္ဘာမှာ ထိပ်တန်းကို ရောက်ခဲ့ကြောင်း၊ ယင်းကဲ့သို့ ထိပ်တန်းရောက်ခဲ့သည့်အချိန်က ပြည်တွင်းကဆန်စက်များ၏ ကြိတ်ခွဲမှုစွမ်းပကားကြောင့်ဆိုလျှင်မမှားကြောင်း၊ ယနေ့ မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄သည် ပုဂ္ဂလိကပိုင်းက ဆောင်ရွက်နေသည့် ဆန်ကြိတ်ခွဲထုတ်လုပ်ရေးကဏ္ဍကို မြှင့်တင်ပေးသည့်ပွဲတစ်ပွဲဟုလည်း ပြောနိုင်ကြောင်း၊ တစ်ဖက်က ဆန်စပါးမူဝါဒသစ်အရ ပုဂ္ဂလိကပိုင်းကိုအကူအညီပေးသည့် ပြပွဲတစ်ပွဲလည်းဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် ယင်းပြပွဲ၏ ဆောင်ပုဒ်ဖြစ်သည့် "ဆန်စက်ဖွံ့ဖြိုး တို့ပြည်ကျိုး" ဆိုသည့်အတိုင်း ပြည်တွင်းတွင်ရှိသည့် ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားကို အရည်အသွေးမြင့်မားတိုးတက် ကောင်းမွန်သောဆန်များ ပိုမိုတင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်အနေဖြင့် အကျိုးကျေးဇူးများရရှိလာလိမ့်မည်ဟုယုံကြည်ပါကြောင်းဖြင့် ပြောကြားသွားသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ– ၂၀၀၄ ကျင်းပရေး ဦးစီးကော်မတီနာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံက ပြပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ် ပြည့်စုံက ပြပွဲတွင် ပါဝင်ပြသသည့် နိုင်ငံခြားကုမ္ပဏီများမှ လုပ်ငန်းရှင်လေးဦးတို့အား ပြပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ –၂၀၀၄ ကို ဂုဏ်ပြုသောအားဖြင့် အလှူရှင်များဖြစ်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၆၇၇၀၀၀ တန်ဖိုးရှိ တစ်နာရီလျှင် ဆန် ၁၀အိတ် ကြိတ်ဖွပ်နိုင်သော ဆန်စက်ငယ်တစ်လုံး၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးတင်ဝင်းက ငွေကျပ်၅၀၀၀၀၀ တန်ဖိုးရှိ တစ်နာရီလျှင် ဆန်ခြောက်အိတ်ကြိတ်ဖွပ်နိုင်သော ဆန်စက်ငယ်တစ်လုံး၊ သောင်းဝင်းစက်မှုကုမ္ပဏီပိုင်ရှင် ဦးသောင်းဝင်း မိသားစုက ငွေကျပ် ၁၂၀၀၀၀၀ တန်ဖိုးရှိ ၂၀၀၃ ခုနှစ် မန္တလေးစက်မှုလက်မှုပြပွဲတွင် ထုတ်ကုန်ပစ္စည်းအရည်အသွေးကောင်းမွန်မှု ရွှေတံဆိပ်ဆုရှိခဲ့သည့် စပါးနှင့်လုံးတီးခွဲခြားစက်တစ်လုံးနှင့် Exotic Wings Co.မှ မန်နေဂျင်း ဒါရိုက်တာနှင့် အထွေထွေ မန်နေဂျာများဖြစ်ကြသော ဦးညွန့်ဝင်းနှင့် ဦးဟင်ဘီးတို့က

စာမျက်နှာ ၇ ကော်လံ ၁

ဇန်နဝါရီ ၇ ရက်က ဘာကူဘာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ လုပ်ရပ်များအပေါ် မကျေနပ်၍ ဆန္ဒပြနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကုလသမဂ္ဂ၏အခန်းကဏ္ဍ ရှင်းရှင်းလင်းလင်းမသိလျှင် အီရတ်သို့ပြန်မသွားဟု ကုလအတွင်းရေးမှူးချုပ်ပြောဆို

ကုလသမဂ္ဂ ဇန်နဝါရီ ၇

အီရတ်နိုင်ငံသို့ ကုလသမဂ္ဂ ပြန်သွားရောက်ရေးနှင့်စပ်လျဉ်း၍ ဇန်နဝါရီ၁၉ရက်တွင် အီရတ်ခေါင်းဆောင်များနှင့် ဆွေးနွေးသည့်အခါ အမေရိကန်ပါဝင်ဆွေးနွေးမည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဖျော်လင့်ထားသည်။

အာနန်သည်လက်ရှိ အီရတ်အုပ်ချုပ်မှုကောင်စီဥက္ကဌ အက်ဒ်နန်ပါ ချာချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံမည်ဖြစ်သော်လည်း အမေရိကန်ပြည်ထောင်စုက ဆွေးနွေးပွဲ၌ပါမည် မပါမည်ကို ယခုထိ မပြောဆိုဘဲရှိသည်။

အမေရိကန်ဦးဆောင်သော ပူးပေါင်းတပ်ဖွဲ့က ဇွန်လကုန်၌ အီရတ်အားသိမ်းပိုက်မှုကို တရားဝင်အဆုံးသတ်ပြီး အီရတ်တို့အား အုပ်ချုပ်မှုကို လွှဲပြောင်းပေးရန်ပြင်ဆင်နေရာ ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်း မသိရလျှင် အီရတ်သို့မိမိပြန်သွားမည် မဟုတ်ကြောင်း ကိုဖီအာနန်က ပြောကြားထားခဲ့သည်။

ကိုဖီအာနန်သည် သူ၏ ကုလသမဂ္ဂအမှုထမ်းများကို စွန့်စားမလုပ်ဆောင်စေလိုကြောင်း အင်္ဂါနေ့ကပြောကြားခဲ့သည်။ အီရတ်၌လုံခြုံရေးကိစ္စသည် အလွန်အရေးကြီးသော ပြဿနာအဖြစ် ရှိနေဆဲဖြစ်သည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့လယ်၌ ပေါက်ကွဲမှုဖြစ်ပွား ပြောက်ကျားတိုက်ခိုက်မှုခေတ်မီလာ

ဘဂ္ဂဒက် ဇန်နဝါရီ ၇

ဘဂ္ဂဒက်မြို့လယ်တွင် ဇန်နဝါရီ ၆ရက်နေ့လယ်ပိုင်း၌ ကျယ်လောင်သော ပေါက်ကွဲမှုအချို့ ဖြစ်ပေါ်ခဲ့ရာ အမေရိကန်စစ်ဘက် သို့မဟုတ် အီရတ် ပြောက်ကျားလှုပ်ရှားမှုဖြစ်သည်ဆိုခြင်းကို ချက်ချင်း ရှင်းရှင်းလင်းလင်းမသိရဘဲရှိသည်။

ဘဂ္ဂဒက်မြို့ကိုတာဝန်ယူရသော အမှတ်(၁)သံချပ်ကာတပ်မှ အမေရိကန်တပ်ဖွဲ့များသည် ပြောက်ကျားများကို အမြစ်ဖြတ်သုတ်သင်ရေး လှုပ်ရှားမှုဖြစ်သော အိုင်းယွန်းဂရစ် စစ်ဆင်ရေး အစိတ်အပိုင်းအဖြစ် ဘဂ္ဂဒက် အနောက်မြောက် လူနေကျဲသောနေရာများကို မကြာသေးမီက စိန်ပြောင်းများ၊ အမြောက်များဖြင့် ပစ်ခတ်ခဲ့သည်။

ပြောက်ကျားတို့၏ တိုက်ခိုက်မှုများသည် ပို၍ ခေတ်မီလာခဲ့ကြောင်း အမေရိကန်တပ်မှူးများက ပြောဆိုကြသည်။

အမ်အင်အေ၊ရိုက်တာ

လွတ်လပ်သည့်အီရတ်နိုင်ငံ ထူထောင်နိုင်ရန်ကြိုးပမ်း

ဒမတ်စကတ် ဇန်နဝါရီ ၇

အီရတ်နိုင်ငံအနေဖြင့် ဆက်လက်ပြီးစည်းလုံးညီညွတ်စွာရပ်တည်နေရန် တူရကီနှင့် ဆီးရီးယားနိုင်ငံတို့က တိုက်တွန်းပြောကြားလိုက်သည်။

လွတ်လပ်သည့် အီရတ် နိုင်ငံ ထူထောင်နိုင်ရန် ကြိုးပမ်းအားထုတ်သွားရန် အီရတ်မှကာ့ဒ်လူမျိုးများအား တူရကီ သမ္မတနှင့် ဆီးရီးယားသမ္မတတို့ကတိုက်တွန်းပြောကြားလိုက်ကြောင်း၊ အီရတ်အစိုးရသစ်တစ်ရပ် ဖွဲ့စည်းရေး အသေးစိတ်အစီအစဉ်များကို အီရတ်အုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ခြင်း မရှိသေးသည့်အတွက် တူရကီနှင့် ဆီးရီးယားတို့၏ ယခုလိုကြေညာချက်ကို ယမန်နေ့က ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်းသိရသည်။

(စီအင်န်အင်န်)

အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၄၈၄ဦးရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၇

အီရတ်နိုင်ငံတွင် ပြင်ဆင်ရေးများစတင်ချိန်မှ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၅ရက် တနင်္လာနေ့အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၄၈၄ဦးရှိသွားပြီဖြစ်ကြောင်း၊ ယင်းတို့အနက် ၃၃၂ဦးမှာ တိုက်ပွဲတွင် သေဆုံးရခြင်းဖြစ်ပြီး ၁၅၂ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု အမေရိကန်ကာကွယ်ရေးဌာန ထုတ်ပြန်ချက်များအရ သိရသည်။

သေဆုံး

ထိုကာလအတွင်းတွင် အီရတ်၌သေဆုံးသည့် ဗြိတိန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၅ဦး ရှိသွားပြီဖြစ်ကြောင်း ဗြိတိန်စစ်ဘက်က ကြေညာသည်။ အလားတူပင် အီတလီက ၁၇ဦး၊ စပိန်က ရှစ်ဦး၊ ဘူဂေးရီးယားက ငါးဦး၊ ထိုင်းနှစ်ဦး၊ ဒိန်းမတ်၊ ယူကရိန်းနှင့်ပိုလန်တို့က တစ်ဦးစီ သေဆုံးသည်။ အီရတ်တွင် တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ်က မေလ ၁ရက်တွင် ထုတ်ပြန်ကြေညာပြီးနောက် အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၃၄၆ဦး ရှိသည်ဟုသိရသည်။

ဒဏ်ရာရ

အီရတ်တွင် စစ်ဆင်ရေးများစတင်ချိန်မှ ဇန်နဝါရီ ၅ရက်အထိ တိုက်ပွဲတွင်ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၂၄၃၁ ဦး ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာန ကြေညာချက်အရ သိရသည်။ **(အင်တာနက်)**

ဇန်နဝါရီ ၇ ရက်က အီရတ်နှင့်ဆီးရီးယားနယ်စပ်တစ်လျှောက် အမေရိကန်တပ်ဖွဲ့ဝင်များက စီးနင်းရှာဖွေမှုတစ်ရပ် ပြုလုပ်ရာ အိမ်တစ်အိမ်အတွင်း စစ်ဆေး မေးမြန်းနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ



အီရတ်–ဆီးရီးယားနယ်စပ်၌ အမေရိကန်တို့စီးနင်းရှာဖွေ သံသယရှိသူ အီရတ် ၄၀ကျော်ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွား

ဘဂ္ဂဒက် ဇန်နဝါရီ ၇

နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများနှင့် ဆက်ဒမ်သစ္စာခံတိုက်ခိုက်ရေးသမားများကို အမေရိကန်တပ်များက ရှင်းလင်းဖယ်ရှားလျက်ရှိရာတွင် အီရတ်လူမျိုး ၄၀ ကျော်ကို မသင်္ကာဟုဆိုကာ ဖမ်းဆီးထားသည်။ ထို့ပြင် အမေရိကန်တပ်များသည် ဆီးရီးယားနယ်စပ်အနီးရှိ စခန်းများကို အဓမ္မဝင်ရောက် စီးနင်းခဲ့ကြသည်ဟုဆိုသည်။

ထိုစခန်းများကို နိုင်ငံခြားတိုက်ခိုက်ရေးသမားများက ဆက်ဒမ်သစ္စာခံ တိုက်ခိုက်ရေးသမားများနှင့် ပူးပေါင်းရန် အသုံးပြုခဲ့ကြသည်ဟု အမေရိကန်စစ်ဘက်က သင်္ကာမကင်းဖြစ်ခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြောက်ဘက်နှင့် အနောက်ဘက်အပြင် ဆီးရီးယားနယ်စပ်အနီး၌ အတင်းဝင်ရောက် စီးနင်းပြီး အီရတ် ၄၀ ကျော်ကို မသင်္ကာဟုဆိုကာ အဓမ္မဖမ်းဆီးခဲ့ကြသည်ဟု ဆိုသည်။

ထိုအတောအတွင်း ဘဂ္ဂဒက်အနောက်ဘက် ဖော်လူဂျာအနီး၌ ကားမောင်းရင်း ပစ်ခတ်သွားသဖြင့် ပြင်သစ်လူမျိုးနှစ်ဦး သေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရခဲ့သည်။ သေဆုံးဒဏ်ရာရသူ ပြင်သစ်လူမျိုးများမှာ အီရတ်ပြန်လည် တည်ဆောက်ရေး ကန်ထရိုက်လုပ်ငန်းရရှိထားကြသူများဖြစ်သည်။ **(အင်တာနက်)**

ဆားစ်ရောဂါကာကွယ်ရေး စီမံဆောင်ရွက်

ဘောဂျင်း ဇန်နဝါရီ ၇

တရုတ်နိုင်ငံအနေဖြင့် ဆားစ်ရောဂါဆိုင်ရာ ကာကွယ်တားဆီးရေးဆောင်ရွက်ချက်များလိုလေသေးမရှိ စီမံထားပြီးဖြစ်ကြောင်း၊ ရောဂါအတွက် ယခုတိုင် လုံးဝလုံခြုံစိတ်ချရသည့်နေရာဖြစ်ကြောင်းသက်ဆိုင်ရာက ထုတ်ပြန်ပြောကြားသည်။

စိုးရိမ်ရန်မလို

တရုတ်နိုင်ငံ၌ ရောက်ရှိနေသော ပြည်ပမှလူများ၊ ခရီးသွားများ၊ တရုတ်နိုင်ငံသားများအနေဖြင့် ဆားစ်ရောဂါအတွက် စိုးရိမ်ပူပန်စရာမလိုကြောင်း၊ သတိရှိရန်လိုသည်မှန်သော်လည်း ကြောက်ရွံ့ထိတ်လန့်ရန် မလိုကြောင်းသိရသည်။ **(စီစီတီဗွီ)**

ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ၄၀ အီရတ်၌ တာဝန်ထမ်းဆောင်ရန်ငြင်းဆို

လန်ဒန် ဇန်နဝါရီ ၇

ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ၄၀ကျော်သည် အီရတ်နိုင်ငံတွင် တာဝန်သွားရောက် ထမ်းဆောင်ခြင်း မပြုလိုကြောင်း ငြင်းဆိုခဲ့ကြသည်။ ပြီးခဲ့သော လအတွင်းက အီရတ်နိုင်ငံတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုနှင့် ကြုံခဲ့ရသည့်အတွက်ကြောင့် ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်ငါးဦးသေဆုံးသွားပြီး နောက်ပိုင်း ယခုကဲ့သို့ သွားရောက်တာဝန်ထမ်းဆောင်ရန် ငြင်းခဲ့ကြခြင်းဖြစ်သည်။ ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်များကို အီရတ်၌ တာဝန်သွားရောက်ထမ်းဆောင်ရန် ဆင့်ခေါ်ရာ၌ မိမိဆန္ဒအလျောက်သွားရောက် ထမ်းဆောင်နိုင်ကြောင်း အသိပေးပြီးခေါ်ယူခဲ့သည့်အတွက် ယခုသွားရောက်ရန် ငြင်းဆိုသော တပ်ဖွဲ့ဝင်များကို အရေးယူမည်မဟုတ်ဟု စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နီကိုလိုင်းကိုလဗ်က ပြောကြားသည်။

လောလောဆယ်တွင် အီရတ်သို့ ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ၅၀၀ကို စေလွှတ်ရန်ရှိသည်။ တာဝန်သွားရောက်ထမ်းဆောင်ရန် ငြင်းသူများသည် အထက်ပါတပ်ဖွဲ့တွင် ပါဝင်ကြသူများဖြစ်ပြီး တာဝန်အပြောင်းအလွှဲ ပြုလုပ်ရန်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက မတရားကျူးကျော်တိုက်ခိုက်ခဲ့သဖြင့် အခြေအနေအရပ်ရပ်မှာ ဆိုးရွားလျက်ရှိသည်။

(ယာပုံမှာ ဇန်နဝါရီ ၇ ရက်က ကယ်ကွတ်မြို့၌ အီရတ်ပြောက်ကျားအချို့ကို တွေ့ရစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း

အီရတ် မြင်ကွင်း

အီရတ်နိုင်ငံ၏ အခြေအနေအရပ်ရပ်မှာ ဆက်လက်ဆိုးရွားနေဆဲဖြစ် နေအိမ်များပျက်စီးခဲ့၍ အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ် ပိုမိုမြင့်မား

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက ပစ်ခတ်မှုကြောင့် အီရတ်တို့၏ နေအိမ်များ ပျက်စီးနေလျက်ရှိသည်။ အီရတ်ပြည်သူများအတွင်း ထိုကဲ့သို့ တိုက်ခိုက်နေခြင်းကို စိတ်နာကြည်းစွာဖြင့် အမေရိကန်ဆန့်ကျင်ရေးစိတ်များ ပိုမိုမြင့်မားလာသည်။

(ယာပုံမှာ ဇန်နဝါရီ ၇ ရက်က ဖော်လူဂျာမြို့၌ အမေရိကန်တို့၏ ပစ်ခတ်မှုကြောင့် ပျက်စီးနေသော အိမ်၊ အုတ်ကျိုးများကြားတွင် အီရတ်အမျိုးသမီးကြီးတစ်ဦးအား တွေ့ရစဉ်။)

(ဓာတ်ပုံ-အင်တာနက်)



အီရတ်နိုင်ငံ၌ ဆန့်ကျင်ဆန္ဒပြမှု၊ ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ (အပေါ်ပုံမှာ ဘာဆာရာမြို့၌ အီရတ်ပြည်သူများက အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြလျက်ရှိသည်ကို တွေ့ရစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

အပေါ်ပုံမှာ ဇန်နဝါရီ ၆ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့၌ ဗြိတိသျှတပ်ဖွဲ့ဝင်များက ဆန္ဒပြသူများကို ထိန်းချုပ်ရန် ကြိုးပမ်းရာမှ ရုန်းရင်းဆန်ခတ် ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယာပုံမှာ ဇန်နဝါရီ ၇ ရက်က ဘာဆာရာမြို့၌ လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

ကယ်ကွတ်မြို့၌ဗုံးပေါက်ကွဲမှုဖြစ်ပေါ်လာပြန် ဗုံးပေါက်ကွဲမှုကြောင့် အီရတ်တစ်ဦးသေ၊သုံးဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၇

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် လမ်းဘေး၌ထောင်ထားသောဗုံး အင်္ဂါနေ့ နံနက်ပိုင်း၌ ပေါက်ကွဲသဖြင့် အီရတ်တစ်ဦးသေဆုံးပြီး အခြားသုံးဦးဒဏ်ရာ ရရှိခဲ့ရာ ကယ်ကွတ်မြို့၌ ဗုံးဖောက်ခွဲတိုက်ခိုက်မှုပြန်ဖြစ်လာခဲ့ပြန်သည်ဟု ရဲအဖွဲ့က ပြောကြားသည်။

တနင်္လာနေ့ညပိုင်း၌ ဖော်လူဂျာ မြို့တွင် လမ်းဘေး၌ ထောင်ထားသောဗုံးပေါက်ကွဲမှုကြောင့် မေရိကန်တပ်ဖွဲ့ဝင် သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်ပြောခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။ ဒဏ်ရာမှာမပြောပလောက်ကြောင်း ဘဂ္ဂဒက်မြို့အနောက်ဘက် ဖော်လူဂျာ၌ တနင်္လာနေ့ည ၉နာရီခွဲ ဝန်းကျင်တွင် လမ်းဘေး၌ထောင်ထားသောဗုံးပေါက်ကွဲခဲ့ကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

အင်္ဂါနေ့နံနက်ပိုင်းက လမ်းဘေး၌ ထောင်ထားသော ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာတွင် ကားပေါ်၌ပါလာသော အဗ္ဗဒူဆက်တာဂျက်ဘာဆိုသူ ခရီးသည် တစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟုရဲအရာရှိဆလမ်ဂျာလာအဗ္ဗဒူလာက ပြောကြားသည်။ ပြီးခဲ့သည့်အပတ်၌ အဘူမိုဟာမက် ဆိုသူကို နိုင်ငံခြားသား စစ်သွေးကြွများက ဆီးရီးယားမှနေ၍ အီရတ် နိုင်ငံထဲသို့ ခိုးသွင်းသည်ဆိုကာ မသင်္ကာမှုဖြင့် အမေရိကန်စစ်တပ်က ဖမ်းဆီးသွားခဲ့သည်။

ရာမာဒီနှင့် ဖော်လူဂျာမြို့များ တည်ရှိရာ အီရတ်အနောက်ပိုင်းအယ်လ် အန်ဘာပြည်နယ်တွင်လည်း မသင်္ကာဟုဆိုကာ လူ ၂၀ ကို အမေရိကန်စစ်တပ်က ဖမ်းဆီးခဲ့သည်။ **(အင်တာနက်)**

ကားပျက်၍ပြင်နေသည့် ပြင်သစ်နှစ်ဦး ကားပေါ်မှ ပစ်ခတ်သွား၍ သေဆုံး

ပါရီ ဇန်နဝါရီ ၇

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တော်အနောက်ဘက် ဖော်လူဂျာမြို့အနီးတွင် ပြင်သစ်လူမျိုးများ စီးနင်းလာသည့် မော်တော်ယာဉ်ပျက်၍ ပြင်ဆင်နေစဉ် သေနတ်ပစ်ခတ်ခံရသဖြင့် ပြင်သစ်နှစ်ဦး သေဆုံးသွားခဲ့ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

သေဆုံးသူများ၏ အမည်ကို ဖော်ပြခြင်းမရှိဘဲ ၎င်းတို့နှစ်ဦးသည် အီရတ်နိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် အမေရိကန် ကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်နေသူများဖြစ်ကြကြောင်း ပြင်သစ်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဟာဗီ လက်ဒ်ဆိုး(စ်)က ပြောကြားသည်။ တနင်္လာနေ့က တိုက်ခိုက်ခံရမှုတွင် အခြားပြင်သစ်လူမျိုးတစ်ဦးမှာ ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ဖလ်လူဂျာမြို့တွင်ကိုရီယားဗုံးနည်းတာများနှင့် ...

ဖမ်းထားသော ကနေဒါနိုင်ငံသားများကိုစွဲ အမေရိကန်ကို ကနေဒါ ဖိအားပေး

အော့တဝါ ဇန်နဝါရီ ၇

အီရန်အတိုက်အခံအုပ်စု၏အဖွဲ့ဝင် ကနေဒါနိုင်ငံသား ၂၀ကို အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း ကနေဒါနိုင်ငံက အင်္ဂါနေ့၌ ပြောကြားလိုက်ပြီးနောက် ထိုသူများကို အီရန်သို့မပို့ရန် အမေရိကန်ပြည်ထောင်စုအား တိုက်တွန်းလိုက်သည်။

၂၀၀၂ခုနှစ်၌ ဆီးရီးယားသို့ ကနေဒါနိုင်ငံသားတစ်ဦးကို အမေရိကန်ထောက်လှမ်းရေးများက ပို့ခဲ့သည့်အမှုကိစ္စနှင့်စပ်လျဉ်း၍ ကနေဒါနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ဆက်ဆံရေးသည် လတ်တလောအခြေအနေ၌ တင်းမာနေသည်။ ထိုအီရန်အတိုက်အခံအုပ်စုဝင် ကနေဒါနိုင်ငံသားများကိစ္စ ဆောင်ရွက်မည်ကို ကနေဒါနှင့် ဆွေးနွေးရန် အမေရိကန်အရာရှိများက ကတိပြုထားကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက ပြောကြားသည်။ **(အင်တာနက်)**

ဇန်နဝါရီ ၇ ရက်က တီကရစ်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရာသီဥတုဆိုးရွားမှုနှင့် ဖောက်ခွဲခံရမှု အီရတ်ရေနံတိုးမြှင့်ထုတ်လုပ်ရေး နှောင့်နှေးကြန့်ကြာ

ဘာဆာရာ ဇန်နဝါရီ ၇

ရာသီဥတုနှင့် ဖောက်ခွဲတိုက်ခိုက်ခံရမှု ပြဿနာမရှိလျှင် တစ်နေ့လျှင် ရေနံစိမ်းစည် ၁ဒသမ၆သန်း နှင့်၁ဒသမ ၇သန်းကို ဇန်နဝါရီလထဲ ၌ အီရတ်ရေနံတာဝန်ရှိသူများက တိုးပြီးတင်ပို့လိုကြောင်း အီရတ်အဆင့် မြင့်အရာရှိတစ်ဦးက အင်္ဂါနေ့၌ ပြောကြားသည်။

အီရတ်နိုင်ငံသည်ဒီဇင်ဘာလထဲ၌ တစ်နေ့လျှင် ရေနံစိမ်းစည် ၁ဒသမ ၅၄ သန်းတင်ပို့ခဲ့ သည်။ ထိုသို့ အီရတ်နိုင်ငံ၏ ရေနံစိမ်းကို တိုးပြီးတင်ပို့ရန် စီစဉ်ထားသော်လည်း ရာသီဥတုဆိုးရွားမှုနှင့် လျှပ်စစ်ဓာတ်အား ပေးမှုတို့ ပြတ်တောက်ခဲ့လျှင် အစီအစဉ်ပျက်ပြား နိုင်စရာရှိ သည်ဟု ဆိုသည်။ ဥပမာအားဖြင့် လွန်ခဲ့သည့် နှစ်ရက်၌ ရာသီဥတု ဆိုးရွားခဲ့သဖြင့် ဘာဆာရာရေနံလုပ်ငန်းမှ ရေနံထွက်ရှိမှုသည်လျော့ကျခဲ့ရပြီး လျှပ်စစ်ဓာတ်အားသည်လည်း ရေနံတင်ပို့ရေးတွင် အရေးကြီးသော ကဏ္ဍမှရှိခဲ့သည်ဟု ၎င်း အရာရှိက ပြောကြားသည်။

အောက်တိုဘာလထဲ၌ ပါရှန် ပင်လယ်ကွေ့၌ ရာသီဥတု ဆိုးရွားခဲ့သ ဖြင့်အီရတ်တောင်ပိုင်းမှနေ၍ အီရတ်၏ ရေနံတင်ပို့မှုသည် ရက်အနည်းငယ် ပြတ်တောက် ခဲ့သည်။ လျှပ်စစ်ဓာတ်အားသည်လည်းဖောက်ခွဲ ဖျက်ဆီး ခံရမှုနှင့် ဓာတ်အားလိုင်းကြိုးများ ခိုးယူခံရခြင်းများကြောင့် ပြတ်တောက်ခဲ့ရာ ရေနံတိုးမြှင့်ထုတ်လုပ်ရေးအီရတ်၏အစီ အစဉ် နှောင့်နှေးခဲ့ရသည်။

(အင်တာနက်)

ထရပ်ကားဗုံးပေါက်ကွဲ လူ ၁၂ ဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၇

အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဟာ မြို့ရှိ စစ်စခန်းအနီး၌ ထရပ်ကားတစ်စီး ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ၁၂ဦးသေဆုံးပြီး ၄၅ ဦး ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရရှိသူအများစုသည်ထရပ်ကားအနီးအနားမှဖြတ်သန်းသွားသော အာဖဂန်လူမျိုးများဖြစ်သည်။ သေဆုံးသူလူဦးရေ တိုးလာနိုင်ပြီး ပေါက်ကွဲမှုဖြစ်ပွားရခြင်းအကြောင်း အရင်းကို သဲသဲကွဲကွဲ မသိရသေးဘဲရှိသည်။ ပေါက်ကွဲမှုအတွက် သံသယရှိသူတစ်ဦးကို ဖမ်းဆီးစစ်ဆေး မေးခဲ့ရာ ပေါက်ကွဲမှု လုပ်ရပ်၏နောက်ကွယ်မှ ရည်ရွယ်ချက်ကို အဆိုပါ လူက ဝန်ခံ ပြောကြားကြောင်း သိရသည်။ **(စီစီတီဗွီ)**

၂၀၀၃ ခုနှစ်အတွင်း သေဆုံးခဲ့သောသတင်းစာဆရာ ၄၂ ဦးရှိကြောင်း လူထုဆက်သွယ်ရေးရှေ့နေအုပ်စုကပြောဆို

ပါရီ ဇန်နဝါရီ ၇

အီရတ်စစ်ပွဲနှင့် ကမ္ဘာအနှံ့တွင် သေနတ်ပစ်ခံရမှု ဗုံးခွဲခံရမှု၊သို့မဟုတ် အပြန်အလှန် ပစ်ခတ်မှုအတွင်း ပိတ်မိမှုကြောင့် ၂၀၀၃ခုနှစ်အတွင်း သေဆုံးခဲ့သော သတင်းစာဆရာ ၄၂ဦး ရှိကြောင်း လူထုဆက်သွယ်ရေး ရှေ့နေအုပ်စုတစ်စုကအင်္ဂါနေ့၌ပြောဆိုသည်။

အများဆုံး

အဆိုပါ ၂၀၀၃ခုနှစ်၌ သေဆုံးခဲ့သော သတင်းစာဆရာအရေအတွက်သည် ၁၉၉၅ခုနှစ်၌ သတင်းစာဆရာ ၄၉ ဦးသေဆုံးခဲ့ချိန်မှစပြီး ရှစ်နှစ်အတွင်း အများဆုံးဖြစ်ခဲ့သည်။ ထို ၁၉၉၅ခုနှစ်အချိန်ကအယ်လ်ဂျီးရီးယားနိုင်ငံတွင် သတင်းစာဆရာများသည် အစ္စလမ္မစ်တိုက်ခိုက်ရေးသမားများ၏ ပစ်မှတ်များ ဖြစ်ခဲ့ရကြောင်း သတင်းထောက်များက နှစ်ပတ်လည် အစီရင်ခံစာ၌ ရေးသားဖော်ပြထားသည်။

အီရတ်တွင် ဖြစ်ပွားသော စစ်ပွဲကာလအတွင်းနှင့် နောက်ပိုင်းတွင် ၂၀၀၃ခုနှစ်အတွင်း၌ သေဆုံး ခဲ့သော သတင်းစာဆရာများနှင့် လူထု ဆက်သွယ်ရေးအလုပ်သမား ၁၄ဦး ရှိကြောင်း သတင်းထောက်များကပြောကြားသည်။

မြင့်တက်ခဲ့

၂၀၀၂ခုနှစ်အတွင်း၌ သေဆုံးခဲ့သော သတင်းစာဆရာ၂၅ ဦးရှိသည်ဟု အဆိုပါ သတင်းစာဆရာ အုပ်စုက စာရင်းကောက်ယူထားသည်။ ထိုအတောအတွင်း အဖမ်းခံရသော သတင်းစာဆရာများ အရေအတွက်နှင့် လူထုဆက်သွယ်ရေး စိစစ်ဖြတ်တောက်မှုသည် လွန်ခဲ့သည့်နှစ်၌ မြင့်တက်ခဲ့သည်ဟု ယင်းအုပ်စုက ပြောကြားသည်။

၂၀၀၃ခုနှစ်အတွင်း၌ ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်းသို့မဟုတ် ခြိမ်းခြောက်ခြင်းခံရသည့် သတင်းစာဆရာ ၁၄၆၀ ထက်မနည်းရှိခဲ့ရာ ထိုယခင်နှစ်ကထက် ၄၀ ကျော်ပို များခဲ့သည်။ **(အင်တာနက်)**

အိန္ဒိယနှင့်ပါကစ္စတန် ငြိမ်းချမ်းရေးဆွေးနွေးမည်

နယူးဒေလီ ဇန်နဝါရီ ၇

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ကက်ရှ်မီးယားပြဿနာအပါအဝင် နှစ်နိုင်ငံအကြား ပေါ်ပေါက်နေသည့် သဘောထားကွဲလွဲနေမှုများကို ဖြေရှင်းနိုင်စေရေးအတွက် လာမည့်လတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်ကျင်းပရန် ဇန်နဝါရီ ၆ရက်က သဘောတူညီလိုက်ကြသည်။

နှစ်နိုင်ငံ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပခြင်းဖြင့် မိမိတို့၏ ဒေသတွင်း၌ ငြိမ်းချမ်းရေးဖြစ်ထွန်းပေါ်ပေါက်လာမည်ဟု နှစ်နိုင်ငံခေါင်းဆောင်များက ယုံကြည်ကြကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ယာရှ်ဝန်ဆင်းဟာက ပြောကြားသည်။ နှစ်နိုင်ငံ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင်ကျင်းပရန် သဘောတူညီကြောင်း ပါကစ္စတန် သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့ နှစ်ဦးချင်း တွေ့ဆုံ ဆွေးနွေးခဲ့ကြပြီးနောက် ဝန်ကြီးဆင်းဟာက သတင်းထောက်များအားပြောကြားခဲ့သည်။

(အင်တာနက်)

အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏လက်ချက် အမေရိကန်တပ်ဖွဲ့ဝင် ၃၅ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၈

အီရတ်မြို့တော် ဘဂ္ဂဒက် အနောက်ဘက်ဒေသတွင် ဗုဒ္ဓဟူးနေ့ က အီရတ်ခုခံတိုက်ခိုက်ရေးသမားများက မော်တာများဖြင့်ပစ်ခတ်တိုက်ခိုက် မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၃၅ ဦးဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ညဘက်တိုက်ခိုက်

ဗုဒ္ဓဟူးနေ့ညက မော်တာခြောက်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးဆိုင်ရာ စစ်ဘက်အခြေခံဌာနကိုထိမှန်ခဲ့ရာ ဒဏ်ရာရရှိခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်များကို ဆေးဝါးကုသခဲ့ရကြောင်း။ အမေရိကန်တပ်ဖွဲ့ဝင်များသည် မိမိတို့တာဝန်ကို ပြန်လည်ထမ်းဆောင်ရန် ရောက်ရှိနေချိန်တွင် မော်တာများဖြင့်တိုက်ခိုက်မှုကြောင့် ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ရိုက်တာသတင်းဌာနသို့ ပြောကြားသွားသည်။

(အင်တာနက်)

အင်္ဂါဂြိုဟ်ဓာတ်ပုံများစပရစ်မှပြန်လည်ပေးပို့

နယူးယောက် ဇန်နဝါရီ ၇

အင်္ဂါဂြိုဟ်၏သွင်ပြင်အနေအထားအား ရိုက်ယူထားသော ဓာတ်ပုံများကို အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးယာဉ် စပရစ်မှ ပြန်လည်ပေးပို့လျက်ရှိသည်။ ယခင်ကမှတ်တမ်းတင်ထားသကဲ့သို့ အင်္ဂါဂြိုဟ်၏ အရောင်သည် အနီရောင်သက်သက်မဟုတ်ဘဲ ညိုဝါရောင်အဆင်းလည်းရှိကြောင်း သိရသည်။ ဓာတ်ပုံများမှာ အင်္ဂါဂြိုဟ်၏ ကျောက်သားကန္တာရအခြေအနေကို တိကျစွာ ဖော်ပြထားပြီး သုတေသီများက ကင်မရာကိုလူသားတို့မြင်တွေ့ရသည့်မြင်ကွင်းအတိုင်း တိကျစွာဖြစ်စေရန်ဆောင်ရွက်ထားသည်။ **(စီအက်ဖ်အိုင်)**

အထက(၂) တောင်ဥက္ကလာပ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၈

တောင်ဥက္ကလာပမြို့နယ် အထက(၂)ကျောင်းတွင် ၁၉၆၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့၊ ထမ်းဆောင်ဆဲ အသက်(၅၀)အထက် ဆရာ/ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် အဆိုပါ ကျောင်းခန်းမဆောင်သစ်ကြီးတွင် ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူများတက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရ သည်။ (၁၉၂)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မြန်ကြားရေးဝန်ကြီး အားသံစုံတီးဝိုင်းပညာရှင်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား သံစုံတီးဝိုင်းပညာရှင် Conductor & Music Director,Mr.Mitch Markowitz သည် ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထူးအရာရှိ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ တစ်နာရီလျှင် ဆန်ခြောက်အိတ် ကြိတ်ဖွပ်နိုင်သော ဆန်စက်ငယ် တစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄ ကျင်းပရေးဦးစီးကော်မတီနာယက ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ သံတမန်များနှင့် ဧည့်သည်တော်များသည် ပြပွဲအတွင်း ခင်းကျင်းပြသထားသော ပြည်တွင်းပြည်ပ ကုမ္ပဏီများ၏ စက်မှုလယ်ယာသုံးယာဉ်နှင့် သုံးဘီးဆိုင်ကယ်ထုတ်လုပ်ရေးပြခန်း၊ ဆန်စက်မပေါ်မီ စပါးမှဆန်အဖြစ်သို့ ကြိတ်ဖွပ်ပုံအဆင့်ဆင့်၊ ဆန်အရောင်တင်စက်၊ အရောင်တင် စက်ဖြင့် အရောင်တင်ပြီး ကုန်ချောဆန်များ၊ စပါးအခွံချွတ်စက်၊ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၏ ဆန်အရောင်းဆိုင်များ၊ စပါးသန့်စင်စက်၊ လုံးတီးနှင့် စပါးခွဲခြားစက်၊တုံးလုံးဆန်ဖြူဖွပ်စက်၊ ဆန်ဖြူဝိုင်းဆန်ခါပြခန်းများနှင့် အခြားလျှပ်စစ်ပစ္စည်းများနှင့်ထရန်စဖော်မာများပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီးအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပြပွဲကျင်းပရာ အဆောက်အအုံမှ နံနက် ၁၀နာရီတွင် ပြန်လည်ထွက်ခွာသွားသည်။

ခင်းကျင်းပြသထား

ပြပွဲတွင် ပြည်တွင်းကုမ္ပဏီများနှင့် ပြည်ပနိုင်ငံများ ဖြစ်ကြသော တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ မလေးရှားနှင့်ထိုင်းနိုင်ငံတို့မှကုမ္ပဏီများစုစုပေါင်း ကုမ္ပဏီ ၃၆ ခုတို့ကပြပွဲ ကျင်းပရာ အဆောက်အအုံ၏ မျက်နှာစာ၌ ပြခန်း ငါးခု၊ မြေညီထပ်၌ပြခန်း ၁၂၅ခုနှင့် ပထမထပ်၌ ပြခန်း ၂၀ အပါအဝင် စုစုပေါင်းပြခန်း ၁၅၀တို့ဖြင့် ဆန်စက်အမျိုးမျိုး၊ဆန်စက်နှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုးနှင့် ဆန်စက်လက်တွေ့ လည်ပတ်ကြိတ်ခွဲပုံများကို ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ်ရာ ခင်းကျင်းပြသထားသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသားများရွှေဘိုမြို့ ရုပ်ပျိုတိုင်းရင်းဆေးသို့လေ့လာ

ရန်ကုန် ဇန်နဝါရီ ၈

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ အပတ်စဉ်(၃၆) ပညာရေးဘွဲ့သင်တန်းသား သင်တန်းသူ ၂၆၁ဦး ပါဝင်သည့် လေ့လာရေးအဖွဲ့သည် ဒုတိယပါမောက္ခဦးသိန်းနုဦးဆောင်၍ ကြီးကြပ်အုပ်ချုပ်သူ၂၃ဦး လိုက်ပါလျက် ၂၀၀၃ခုနှစ် ဒီဇင်ဘာ၂၆ ရက် နေ့လယ်ပိုင်းက ရွှေဘိုမြို့ ရုပ်ပျိုတိုင်းရင်းဆေး ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြပြီး GMPနှင့် အညီခေတ်မီစက်ကြီးများနှင့် ထုတ်လုပ်လျက်ရှိသော တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုများကို လေ့လာကြည့်ရှုပြီး ၎င်းလေ့လာရေးအဖွဲ့အား ရုပ်ပျိုတိုင်းရင်းဆေးမှ အထွေထွေမန်နေဂျာ ဦးဇော်ဇော်က ဆေးဝါးထုတ်လုပ်မှုအဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အတွက် တိုင်းရင်းဆေးဝါးမျိုးစုံ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ ၎င်းလေ့လာရေးအဖွဲ့အား ရွှေဘိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ရွှေဘိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ လေ့လာရေးခရီးစဉ်အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီခဲ့ကြကြောင်းသိရသည်။ **(က-ပ)**

ထို့အပြင်ပြည်နယ်နှင့်တိုင်း စက်မှုဇုန်များဖြစ်ကြသည့် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း(အရှေ့)၊ပဲခူးတိုင်း(အနောက်)၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့်မွန်ပြည်နယ် စက်မှုဇုန်တို့ကလည်း ဆန်စက်များနှင့်ဆန်စက်အပိုပစ္စည်းများကို ခင်းကျင်းပြသထားသည်။

အဆိုပါ မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄ ကို ဇန်နဝါရီ ၈ ရက်မှ ၁၁ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆိုဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး ဇန်နဝါရီ ၉၊ ၁၀နှင့် ၁၁ရက်တို့တွင် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ မြန်မာ့ဆန်စပါးအရည်အသွေးမြင့်မားရေးဆိုင်ရာစာတမ်းများကို ဖတ်ကြားကြမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇန်နဝါရီ ၈

နယ်မြေခံထောက်လှမ်းရေးတပ်နှင့် တာချီလိတ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် သတင်းအရ တာချီလိတ် မြို့နယ် လွယ်စတုံရွာနေ မြတ်ထွန်း၏ နေအိမ်ကို ရှာဖွေရာ နေအိမ်အတွင်းမှ ရေနွေးခရားအိုးဖြင့် ထည့်ထား သော စိတ်ကြွရူးသွပ်ဆေးပြား ၂၇၀ ဖမ်းဆီးရမိခဲ့ပြီး ဂျိုရဲ့ ဆိုသူထံမှ ဝယ်ယူရရှိကြောင်းပေါ်ပေါက်ခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ တာချီလိတ်မြို့ လွယ်စတုံရွာနေ ဦးညွန့်မောင်၏သား မြတ်ထွန်းနှင့် တစ်ရွာတည်းနေ ဦးချက်ဘို၏သား ဂျိုရဲ့တို့နှစ်ဦးအား တာချီလိတ် ရဲစခန်းက မူးယစ်ဆေးဝါးပထမ သတင်းပေးတိုင်ချက် အမှတ် ၉/၂၀၀၃ ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၃ ခုနှစ် မတ် ၁၃ ရက်တွင် တရားခံ မြတ်ထွန်းအား မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅ အရ အလုပ်နှင့် ထောင်ဒဏ်ငါးနှစ်၊ မူးယစ်ဆေးဝါးရောင်း ချရန် အလို့ငှာလက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် ၁၃နှစ် ပြစ်ဒဏ်များကို သီးခြားစီ ကျခံစေရန်နှင့် တရားခံ ဂျိုရဲ့အား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က) အရ အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ် ကျခံစေရန် ပြစ်ဒဏ်အသီးသီး ချမှတ်သည်။

အလားတူ နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များ၊ ရန်ကုန်မူးယစ်အထူးအဖွဲ့နှင့် မင်္ဂလာဒုံ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဇွန် ၃ ရက်တွင် သတင်းအရ မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက်နေ နေမျိုးအောင်နှင့် မမြင့်မြင့်ညို(ခ)မညိုတို့၏ နေအိမ်ကို ရှာဖွေရာ ရေချိုးခန်းအတွင်းမှ ဆေးခြောက် ၉၇ ဒသမ ၉၇၅ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရရှိမှုနှင့်ပတ်သက်၍ မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက်နေ ဦးလှသိန်း၏ သား နေမျိုးအောင်နှင့် တစ်အိမ်တည်းနေ ဦးကြည်စိုး၏ သမီး မမြင့်မြင့်ညို(ခ)မညိုတို့ နှစ်ဦးအား မင်္ဂလာဒုံရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေး တိုင်ချက်အမှတ် ၄/၂၀၀၃ ၊မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူခဲ့သည်။

အမှုကို ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၃ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် တရားရုံးက တရားခံနေမျိုးအောင်အား မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က) အရ ထောင်ဒဏ်နှစ် ၂၀၊ တရားခံ မမြင့်မြင့်ညို(ခ)မညိုအား မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅ အရ ထောင်ဒဏ်ငါးနှစ်ကျခံစေရန် ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီးဆက်လက်ပေးပို့လျက်ရှိသည်။

ကျူးဘားသမ္မတနိုင်ငံ

၂၀၀၄ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကျူးဘားသမ္မတနိုင်ငံသမ္မတ ဖီဒယ်လ်ကတ်စ်ထရိုရုဇ်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကျူးဘားပြည်သူများနှင့် အစိုးရအဖွဲ့ကိုယ်စား မိမိလိုက်လှဲနွေးထွေးစွာ နှုတ်ခွန်းဆက်သပါကြောင်းနှင့် မိမိတို့နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ အဆွေတော်၏နိုင်ငံ ကြီးပွားတိုးတက်ပြီး အဆွေတော်ပျော်ရွှင်ချမ်းမြေ့စေရန်လည်း ဆုမွန်ကောင်းပို့သပါကြောင်း ဖော်ပြပါရှိသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မဒမ်မယ်ဂါဝတီဆိုကာနိုပူထရီထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အင်ဒိုနီးရှားအစိုးရနှင့်ပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာအစိုးရနှင့် ပြည်သူများထံ မိမိနှုတ်ခွန်းဆက်သပါကြောင်း၊ အဆွေတော်ကျန်းမာစေရန်နှင့်သုခချမ်းသာပြည့်စုံစေရန်အပြင် မြန်မာပြည်သူများ ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းများ ပို့သပါကြောင်းဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်း အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဟမ်ဇာဟဇ်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့ပါသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့လည်း အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မဒမ်မယ်ဂါဝတီဆိုကာနို ပူထရီထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့ပါသည်။

စင်ကာပူသမ္မတနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ စင်ကာပူသမ္မတနိုင်ငံသမ္မတ မစ္စတာအက်စ်အာနာသန်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံ စင်ကာပူသမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား မိမိဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သပါကြောင်း၊မိမိတို့နှစ်နိုင်ငံ၏ ခိုင်မာတောင့်တင်းသော ဆက်ဆံမှုများသည် မိမိတို့ပြည်သူများ၏ အပြန်အလှန် ကြီးပွားတိုးတက်ရေးအတွက် လာမည့်နှစ်များတွင် ဆက်လက်၍ဖွံ့ဖြိုးတိုးတက်မည်ဟု မိမိယုံကြည် ပါကြောင်းဖော်ပြပါရှိသည်။

အလားတူပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံသို့ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာဂိုချောက်တောင်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။ **(ဆက်လက်ဖော်ပြပါမည်)**

သာယာမည်

ရန်ကုန်မြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့သာယာမည်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ ရသူများအား ဂုဏ်ပြုသည့် အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

သိပ္ပံနှင့် နည်းပညာရပ်များ ဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်နေစေရေးနှင့် အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ကြရေးသည် ပဓာနအကျဆုံး အမျိုးသားရေး လိုအပ်ချက်များပင်ဖြစ်ကြောင်း။

ယခုလို အခြေအနေအချိန်အခါမျိုးတွင် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာရပ်များဖွံ့ဖြိုးတိုးတက်မှုကို လက်တွေ့ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ပါရဂူဘွဲ့ရပညာရှင်များ အစီအရီပေါ်ထွန်းလာခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးကဏ္ဍက ဖြည့်ဆည်းပေးရမည့် အမျိုးသားရေးတာဝန်များကို လက်တွေ့အကောင်အထည်ဖော်ပေးနေခြင်းပင်ဖြစ်သည်ဟုပထမဦးစွာပြောကြားလိုကြောင်း။

အင်အားသစ်များ

ထို့အပြင် မိမိတို့၏ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းပကားကို အားထားပြီး မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုလိုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နယ်ပယ်ကဏ္ဍအသီးသီးက ပညာရှင်များ ထပ်မံပေါ်ထွက်လာခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်အားသစ်များတိုးတက် ဖြစ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

အပြန်အလှန်ဆက်စပ်

ပညာရေးကိုဗဟိုပြုပြီး အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးတွင် သိပ္ပံနှင့်နည်းပညာရပ် အသီးသီးသည် အထူးပြုဘာသာရပ် မျိုးကွဲပေါင်းများစွာဖြင့် ဖြန့်ကြက် တိုးပွားလာနေသလို ပညာရပ်နယ်ပယ်အသီးသီး၏ တိုးတက်ဖြစ်ထွန်းနေမှုများသည်လည်း သက်ဆိုင်ရာ ပညာရပ်နယ်ပယ်တွင် ရပ်တန့်မနေဘဲ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအသီးသီးကို အပြန်အလှန်ဆက်စပ်အကျိုးပြုလျက်ရှိနေကြသည်ကို တွေ့ရကြောင်း။

ယခုလို အခြေအနေအချိန်အခါမျိုးမှာတွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ယခင်ခေတ်ကာလကလို ပညာရပ်နယ်ပယ်တစ်ခုထဲမှာပင် နစ်မြုပ်နေတာမျိုးမဟုတ်တော့သည့်အတွက် လျင်မြန်စွာတိုးတက် ဖြစ်ထွန်းနေသည့် သိပ္ပံနှင့်နည်း ပညာရပ်များ၏ နယ်ပယ်အစုံတွင် ဟန်ချက်ညီညီဖြန့်ကြက်တိုးတက်ဖြစ်ထွန်းနေစေရအောင် နိုင်ငံတော်အစိုးရအနေဖြင့် ကဏ္ဍစုံတိုးတက်ဖြစ်ထွန်းရန်ကို စနစ်တကျကြိုတင်စီမံဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်း၏ အဆင့်မြင့်ပညာကဏ္ဍဆိုင်ရာ မျှော်မှန်းချက် (၁၂)ရပ်မှာလည်း–

- **“နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတော်တစ်ခုအဖြစ် တည်ဆောက်နိုင်စွမ်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးနိုင်ရန်”** ဆိုသည့် ရည်မှန်းချက်နှင့်
- **“ခေတ်နှင့်အညီ ပေါ်ထွန်းလာမည့် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီအသုံးချနိုင်ပြီး အမြဲရှင်သန်နေသော အသိဉာဏ်၊အမြော်အမြင်တို့ဖြင့်ပြည့်စုံသည့်ပညာရေးပတ်ဝန်းကျင်ကိုဖန်တီးရန်”** ဆိုသည့် မျှော်မှန်းချက်များကို

ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဤမျှော်မှန်းချက်များနှင့်အညီ တက္ကသိုလ်များ၊ ကောလိပ်များ အသစ်ဖွင့်လှစ်မှုများ၊ အဆင့်မြှင့်တိုးချဲ့မှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ယနေ့ဆိုလျှင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်စုစုပေါင်း ၁၅၄ခုအထိ တိုးတက်ဖြစ်ထွန်းလာပြီ ဖြစ်ကြောင်း၊ ပညာရပ်ဆိုင်ရာအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း ဝိဇ္ဇာနှင့်သိပ္ပံဆိုင်ရာ တက္ကသိုလ်ကောလိပ်များ၊ စီးပွားရေး၊ ပညာရေး၊ သစ်တော၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ သမဝါယမစသည့် ပညာရပ်နယ်ပယ်အသီးသီး၏ တက္ကသိုလ်ကောလိပ်များ ဖြန့်ကြက်ဖြစ်ထွန်းနေတာတွေ့ကြရမှာဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍမှာဆိုလျှင်လည်း ဆေးတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ ဆေးဘက်ပညာသည် တက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ တက္ကသိုလ်များ ဖြန့်ကြက်ဖြစ်ထွန်းနေသလို နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ရေကြောင်းတက္ကသိုလ်စသည့် အဆင့်မြင့် နည်းပညာဆိုင်ရာ တက္ကသိုလ်ကောလိပ်များလည်း ဖြန့်ကြက်ထူထောင်ထားနိုင်ပြီဖြစ်ကြောင်း။

ထို့ပြင်စဉ်ဆက်မပြတ် ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ ဖန်တီးပေးနိုင်စေရန်နှင့် တိုးတက်ဖြစ်ပေါ်နေသော စီးပွားရေး၊ လူမှုရေး၊ နည်းပညာဆိုင်ရာနယ်ပယ်အသီးသီးမှာ ပေါ်ထွန်းလာနေသည့် ပညာရပ်အသီးသီးကို လေ့လာသင်ယူနိုင်စေရန် တက္ကသိုလ်ကောလိပ်များတွင် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများဖွင့်လှစ်ပြီး သင်တန်းအမျိုးအစားပေါင်း ၁၅၉ မျိုးကို ဖွင့်လှစ်ထူထောင်ထားနိုင်ခဲ့ပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ ရသူများအား ဂုဏ်ပြုသည့် အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ပါရဂူဘွဲ့ ရရှိသော ဒုတိယဗိုလ်မှူးကြီး ဒေါက်တာထွန်းထွန်းအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပါရဂူဘွဲ့များတိုးချဲ့ဖွင့်

တက္ကသိုလ်နှင့် ကောလိပ်များ၏ ပုံမှန်သင်တန်းများတွင်လည်း ပညာရပ်အသီးသီးအပြင် ပညာရပ်ခွဲအသီးသီးမှာပါ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့များကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ပါရဂူဘွဲ့သင်တန်းများ သက်သက် ကြည့်မည်ဆိုလျှင်လည်း ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်နှင့် ရန်ကုန်ပညာရေး တက္ကသိုလ်တို့မှာ ပါရဂူဘွဲ့သင်တန်း ပေါင်း ၃၁ မျိုး၊ ဆေးတက္ကသိုလ်များမှာ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (Ph.D) သင်တန်းခုနစ်မျိုးနှင့် ဆေးလက်တွေ့ပါရဂူဘွဲ့ (Dr.Med,Sc) သင်တန်း ၃၀၊ နည်းပညာတက္ကသိုလ်များမှာ အင်ဂျင်နီယာဆိုင်ရာ သိပ္ပံပါရဂူဘွဲ့ ငါးမျိုး၊ အင်ဂျင်နီယာနှင့် ဗိသုကာပါရဂူဘွဲ့ ၁၆ မျိုး၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ပါရဂူဘွဲ့ တစ်မျိုးတို့ကို ဖွင့်လှစ်ထားနိုင်ပြီးဖြစ်ကြောင်း။

ထို့အပြင် အငြိမ်းစားပညာရှင်ကြီးများ၊ အငြိမ်းစားနှင့် တာဝန်ထမ်းဆောင်ဆဲ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဝါရင့်ကထိကများအတွက် အဆင့်မြင့်သုတေသနပြုပြီး ပါရဂူဘွဲ့ကျမ်းကြီး တင်သွင်းခြင်းအားဖြင့် ပါရဂူဘွဲ့ရယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်စေရန်အတွက် ပိုမိုကျယ်ပြန့်သော အစီအစဉ်များ စီမံဆောင်ရွက်ပေးထားပြီးလည်း ဖြစ်ကြောင်း။

ထိုပညာရှင်များအနေဖြင့် သက်ဆိုင်ရာတက္ကသိုလ်တစ်ခုခုက ပါရဂူဘွဲ့ကြီးကြပ်ရေးအဖွဲ့ထံတွင် ပါရဂူဘွဲ့အတွက် မှတ်ပုံတင်မှု၊ ပါရဂူဘွဲ့ကြိုစာတမ်းကို တစ်နှစ်အတွင်းတင်သွင်းနိုင်မှု၊ အဆင့်မြင့်သုတေသနပြုလုပ်ပြီး ပါရဂူဘွဲ့ကျမ်းကြီးကို လေးနှစ်အတွင်း တင်သွင်းနိုင်မှုစသည့် စိစစ်မှုအဆင့်ဆင့်ကို အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ခဲ့လျှင် ပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းသွားမှာဖြစ်ကြောင်း။

ထိုအစီအစဉ်အရ ပထမဆုံးပါရဂူဘွဲ့ကို ရရှိခဲ့သူတစ်ဦးပေါ်ထွန်း လာခဲ့ပြီလည်းဖြစ်ကြောင်း၊ ထိုပညာရှင်ကြီးမှာ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနမှ ဂုဏ်ထူးဆောင်ပါမောက္ခဖြစ်ပြီး မြန်မာ့ရေနံကော်ပိုရေးရှင်းမှ အငြိမ်းစားသုတေသနအရာရှိချုပ်လည်းဖြစ်သည့် အသက်(၇၀)ကျော် ရှိပြီဖြစ်သည့် ဒေါက်တာချစ်ဆိုင်ပင် ဖြစ်ကြောင်း၊ ယနေ့ဂုဏ်ပြုချီးမြှင့်မှုမှာ ထည့်သွင်းဂုဏ်ပြုသွားမှာ ဖြစ်ကြောင်း။

ကွန်ရက်စနစ်လွှမ်းခြုံ

ယခုလိုပညာရပ်နယ်ပယ်ကဏ္ဍအသီးသီးမှာ နည်းလမ်းအသွယ်သွယ်ဖြင့် အဆင့်မြင့်လေ့လာမှု သုတေသနပြုမှုဆိုင်ရာ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများကို တစ်နိုင်ငံလုံးမှာ တိုးချဲ့ဖြန့်ကြက်ဖွင့်လှစ်ပေးပြီး လေ့လာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးမြှင့်ပေးနေသည့်အပြင် အဆင့်မြင့်သုတေသနပြုလုပ်ငန်းများတွင် အထောက်အကူပြုပေးမည့် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းတွေ၊ အီလက်ထရွန်နစ် နည်းပညာ အခြေပြုသည့် Resource Centre များ e-Library များ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ အခြေခံသည့် Internet ၊ Intranet ကွန်ရက်စနစ်များကို တစ်နိုင်ငံလုံး လွှမ်းခြုံစီစဉ်ပေးထားပြီးလည်းဖြစ်ကြောင်း။

တန်းတူရည်တူရှိ

ထို့ကြောင့်လည်း ယခုအချိန်အခါတွင် ယခင်ခေတ်ကာလက အစွန်အဖျား ဒေသဟုဆိုကြသည့် မြစ်ကြီးနားမြို့၊ ထားဝယ်မြို့၊ စစ်တွေမြို့တို့လို နေရာဒေသများကနေ ရန်ကုန်မြို့၊ မန္တလေးမြို့များနှင့် ကွန်ပျူတာ ကွန်ရက်ချိတ်ဆက်ပြီး လိုအပ်သောအချက်အလက်များ၊ ပညာရပ်ဆိုင်ရာများကို မိမိနှစ်သက်ရာ၊ အဆင်ပြေရာအချိန်တွင် ရယူလေ့လာနိုင်သည့် အခွင့်အလမ်းများ အစီအမံများ ရှိနေပြီဖြစ်သည့်အတွက် ယခုလိုနေရာ ဒေသများတွင် တာဝန်ထမ်းလျက်ရှိကြသည့် ပညာရှင်များအဖို့ Ph.D, Thesis အတွက် သုတေသနပြုနိုင်သော အခွင့်အလမ်းများကို ရန်ကုန်မြို့တော်က ပညာရှင်များကဲ့သို့ တန်းတူရည်တူ ရရှိနေကြပြီဖြစ်ကြောင်း။

ဤတိုးတက်ဖြစ်ထွန်းမှုများသည် နိုင်ငံတော်အစိုးရအနေဖြင့် “မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို၊ ပညာခေတ်ရဲ့ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မယ့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအဖြစ် တိုးတက်ပြောင်းလဲလာစေရမယ်”ဆိုသည့် မွန်မြတ်မြင့်မားသော မြန်မာ့ပညာရေး မျှော်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပညာရပ် နယ်ပယ်အသီးသီးက အဆင့်မြင့်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေးအတွက် အစဉ်အမြဲ ပညာသင်ယူနိုင်မယ့်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု၊ ကျယ်ပြန့်သော သင်ကြားမှု၊ သင်ယူမှုဆိုင်ရာ Media နှင့် Network များကို တစ်နိုင်ငံလုံး လွှမ်းခြုံတည်ထောင်ပေးနိုင်မှု စသည့်အခြေခံကောင်းများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းအောင် စီမံပေးထားခြင်းကြောင့်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း ပြုစုပျိုးထောင် မွေးထုတ်ပေးခဲ့သည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ပါရဂူဘွဲ့ရများမှာလည်း ၃၆၄ ဦးအထိ အားရဂုဏ်ယူဖွယ် ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း၊ လက်ရှိ ပါရဂူဘွဲ့ သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပညာရှင်များအနေဖြင့်လည်း ပညာရေးဝန်ကြီးဌာန၏ တက္ကသိုလ်များမှာ ၂၆၀၀ ကျော်၊ကျန်းမာရေးဝန်ကြီးဌာန၏ တက္ကသိုလ်များမှာ ၁၈၀ နီးပါး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ တက္ကသိုလ်များမှာ ၄၇၀ ခန့် စုစုပေါင်း ပါရဂူဘွဲ့သင်တန်း တက်ရောက်နေဆဲ ၃၂၅၀ ကျော်ရှိနေပြီဖြစ်သည့်အတွက် မကြာမီသောကာလမှာ ပါရဂူဘွဲ့ရ ပညာရှင်များ ထပ်မံ တိုးပွားပေါ်ထွန်းလာဦးမှာဖြစ်ကြောင်း။

တစ်မျိုးသားလုံးအတွက်ဂုဏ်ယူ

၎င်းမှာ နိုင်ငံတော်အတွင်း နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာရပ်များအချိန်နှင့်တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းစေနိုင်မည့် အခြေခံကောင်းများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်ထက်မြက်စွာ ဖန်တီးဖော်ဆောင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ တိုးပွားဖြစ်ထွန်းနေခြင်းပင်ဖြစ်သည့်အတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ၏ ရည်မှန်းချက်များအောင်မြင်ဖြစ်ထွန်းနေမှုကို ဖော်ပြနေခြင်းလည်းဖြစ်ကြောင်း၊ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာ တိုးတက်ဖြစ်ထွန်းမှုများလို့လည်း ဆိုနိုင်ကြောင်း။

ယခုလိုတစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်ဟု နိုင်ငံတော်အစိုးရအနေဖြင့် ခံယူထားသည့်အတွက်လည်း ယခုလို ပါရဂူဘွဲ့ရပညာရှင်များ၏ ပညာရပ်ဆိုင်ရာ စွမ်းဆောင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ် ကြိုးပမ်းမှုများကို အသိအမှတ်ပြုပြီး ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ရခြင်း ဖြစ်ကြောင်း။

ပါရဂူဘွဲ့ရပညာရှင်များကလည်း နိုင်ငံတော်၏ ဂုဏ်ပြုချီးမြှောက်မှုကို ထိုက်တန်စွာခံယူပြီး မိမိတို့ တတ်သိ ကျွမ်းကျင်ရာပညာရပ်ဆိုင်ရာ စွမ်းပကားဖြင့် မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် တိုးတက်ဖော်ဆောင်နိုင်ကြစေရန် ကြိုးပမ်းအားထုတ်သွားကြပါဟု မှာကြားလိုကြောင်း။

ဆက်လက်ဖော်ဆောင်

ယနေ့ အချိန်အခါလို ပညာလွှမ်းမိုး ကြီးစိုးသော ခေတ်ကာလတွင် အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များသည် နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သော အနာဂတ်ဖန်တီးရှင်များဖြစ်လာနေပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ပါရဂူဘွဲ့ရ ပညာရှင်များကလည်း မိမိတို့၏အရည်အသွေးမြင့်မားသော ပညာရပ်ဆိုင်ရာ စွမ်းအားကို ပိုမိုတိုးတက်မြင့်မားသည်ထက်မြင့်မားစေရအောင် ၊ မိမိတို့ကဲ့သို့သော ထူးချွန်ထက်မြက်ပြီး အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်တိုးပွား ပေါ်ထွန်းနေစေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးကြရန်နှင့် မိမိတို့ ကျွမ်းကျင်ရာ ပညာရပ်ဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဆက်လက်ဖော်ဆောင်ပေးကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် နိုင်ငံသူနိုင်ငံသားအားလုံး၏ စိတ်ဝမ်းညီမျှစွာ ပူးပေါင်းလက်တွဲထိန်းသိမ်းမြှင့်တင်နိုင်မှုအပေါ်မှာ အဓိကတည်မှီနေပြီ ဖြစ်သည့်အတွက် ပါရဂူဘွဲ့ရပညာရှင်များအားလုံးကလည်း အခြားသော နိုင်ငံသူ နိုင်ငံသားတိုင်းရင်းသားပြည်သူများနည်းတူ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်ခံ့ရေးအတွက် တစ်မျိုးသားလုံးလျှောက်လှမ်းကြမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ကြီးခုနစ်ရပ်အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရေးမှာ တစ်တပ်တစ်အား ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **ထူးချွန်ထက်မြက်ပြီး အရည်အသွေးမြင့်မားသော ပညာရှင်များအဖြစ် တင့်တင့်တယ်တယ်၊ ခိုင်ခိုင်မြဲမြဲ ရပ်တည်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ ကျွမ်းကျင်ရာ အတတ်ပညာဖြင့် ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေ၊**
- **နိုင်ငံတော်က ချီးမြှင့်လိုက်သည့် အရည်အသွေးမြင့်မားသော ပညာရှင်များဖြစ်လာသည်နှင့်အညီ အမိနိုင်ငံတော်နှင့် မိမိလူမျိုး အကျိုးစီးပွားအတွက် အလုပ်အကျွေးပြုနိုင်သည့် ပုဂ္ဂိုလ်များ၊ နိုင်ငံ့အကျိုးပြုပုဂ္ဂိုလ်များ ဖြစ်ကြပါစေ**

ဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသွားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိကြသည့် ပညာရှင် ၄၇ ဦးနှင့် မန္တလေးတက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိကြသည့် ပညာရှင်ခြောက်ဦးတို့အားလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ပါရဂူဘွဲ့ရရှိကြသည့် ပညာရှင်ကိုးဦး၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ ပါရဂူဘွဲ့ရရှိကြသည့် ပညာရှင် ၁၁ ဦးနှင့် ဆေးတက္ကသိုလ် မန္တလေးမှ ပါရဂူဘွဲ့ရရှိကြသည့် ပညာရှင် ခုနစ်ဦးတို့အားလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိကြသည့် ပညာရှင် ၄၈ ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပါရဂူဘွဲ့ရသူများကိုယ်စား ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနမှ ဂုဏ်ထူးဆောင်ပါမောက္ခ အကြံပေးအရာရှိ ဒေါက်တာချစ်ဆိုင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုသည့် အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဘွဲ့ယူကျမ်းများကြည့်ရှု

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စိန်ရတုခန်းမ၌ ခင်းကျင်းပြသထားသော ပါရဂူဘွဲ့ရရှိကြသူများ တင်သွင်းသည့် ပါရဂူဘွဲ့ယူကျမ်းများကို ကြည့်ရှုသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် စိုက်ခင်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပလိပ်သစ်ဆိပ်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် စစ်ကိုင်းမြို့ရှိ ကောင်းမှုတော် ပျိုးဥယျာဉ်၊စစ်ကိုင်း-မင်းဝံတောင်တန်းရှိ စိုက်ခင်းများ၊ မင်းကွန်း ဆင်ရွာအနီးတောင်တန်း၌ စိုက်ပျိုးထားသော ဆီနီဂေါ်ရှားစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက စိုက်ပျိုးပြီး သစ်ပင်များ ထိန်းသိမ်းရေး၊ သတိပေးဆိုင်းဘုတ်များ စနစ်တကျ တပ်ဆင်ရေး မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် အမရပူရမြို့ရှိ အမှတ်(၁၀၃)သစ်စက်၊ အမှတ်(၂) ပုံဖော်စက်၊ မန္တလေးတိုင်း သစ်ထုတ်ရေး ဒုတိယအထွေထွေ မန်နေဂျာရုံး၊ မွန်းလွဲပိုင်းတွင် မဟာအောင်မြေမြို့နယ်ရှိ Hi Tech သစ်အချောထည်စက်ရုံများကို သွားရောက်ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားမာန်သစ်စာပေ အမှတ် ၅၁ မန္တလေးလမ်း ကန်တော်ကလေး ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိသော စာဂီတဦးသိန်းလွင်၏ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ မြန်မာစာ အထူးထုတ် မျက်နှာဖုံး။

(က-ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ပါရဂူဘွဲ့ယူကျမ်းများကြည့်ရှု

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စိန်ရတုခန်းမ၌ ခင်းကျင်းပြသထားသော ပါရဂူဘွဲ့ရရှိကြသူများ တင်သွင်းသည့် ပါရဂူဘွဲ့ယူကျမ်းများကို ကြည့်ရှုစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဇန်နဝါရီ ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။ **(သတင်းစဉ်)**



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကလေးမြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကလေးတပ်နယ်နှင့်ခရိုင်အတွင်း စစ်သည်မိသားစုဝင်များနှင့်ဝန်ထမ်းများအားတွေ့ဆုံ နိုင်ငံတော်နှင့်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့်အတူ ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီတွင် ကလေးတပ်နယ်ခန်းမ၌ ကလေးတပ်နယ်နှင့် ကျီကုန်းတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအားတွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေးရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကလေးမြို့ မြို့နယ်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မိမိဒေသနှင့် နိုင်ငံတော်အား ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ဝန်ထမ်းများနှင့် နိုင်ငံသားတိုင်း တာဝန်သိစိတ်ဖြင့် ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ကြရေးမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေး ကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ကလေးခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး၌ ကလေးမြို့သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအခြေအနေကိုလည်းကောင်း၊ မြန်မာ့ စက်သုံးဆီ အရောင်းဆိုင်၌ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဝန်ကြီးဌာနအလိုက် စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားနှင့်စက်သုံးဆီများ အချိန်မီဖြန့်ဖြူးပေးရေး ဆွေးနွေးမှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကလေးစက်မှုဇုန်ခွဲမှ မော်တော်ယာဉ် ထုတ်လုပ်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်သည့်မော်တော်ယာဉ်များ အရည်အသွေးမြင့်မားရေးနှင့် သုံးစွဲသူများ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေးအတွက် အဓိကထားတီထွင်ထုတ်လုပ်သွားရန် တာဝန်ရှိသူများအား မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကျိုက်ထီးရိုးရင်ပြင် ဆီမီး၅၀၀၀ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုး ရင်ပြင်တော်ပေါ်တွင် အလှူရှင်မိသားစုများ စုပေါင်း၍ ဒုတိယအကြိမ်မြောက် ဆီမီး၅၀၀၀ ပူဇော်ပွဲနှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ၇ရက် ညနေ၅နာရီတွင် ကျင်းပမည်ဖြစ်ရာ ဓမ္မမိတ်ဆွေများ ကြွရောက်ဖူးမြော်ကြပါရန်နှင့် ပါဝင်ကုသိုလ်ယူ လှူဒါန်းလိုသူများသည် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဦးမောင်သိန်း ဖုန်း-၀၉-၅၀-၀၀၇၅၄၊ ၃၈၁၉၀၄သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးပွဲ့ ပြိုး ပြည်အကျိုး

မွေးရာပါ-အမြုတေ လွတ်လပ်ခြင်းသည် မြန်မာ့အမွေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာတွင် **“ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းထောင်နှင့်ချီ၍ ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ခဲ့သော နိုင်ငံဖြစ်ပေသည်”**ဟု ဖော်ပြခဲ့လေသည်။ မျက်မှောက်ကာလ၌ လူတူပရိုင်းမိတ်တို့ကိုတွေ့ရှိမှု သက်သေပြချက်အရ မြန်မာနိုင်ငံသည် လူသားမျိုးနွယ်တို့ အစောဆုံးဖြစ်ထွန်းရာဒေသဟု ဖော်ပြလျက်ရှိပေသည်။ ထို့ကြောင့်ပင် လွတ်လပ်ခြင်းသည် မြန်မာနိုင်ငံ၏ မွေးရာပါဟုလည်း ဆိုထိုက်ပေသည်။

အေဒီ ၈၀၁-၈၀၂ခုခန့်တွင် မြန်မာနိုင်ငံမှ ပျူမင်းတစ်ပါးသည် နန်ချိုမှတစ်ဆင့် တရုတ်ပြည်သို့ သံတမန်စေလွှတ်ခဲ့သည်။ တရုတ်ပြည်ကို မွန်ဂိုတို့မသိမ်းပိုက်မီ ဆွန်မင်းဆက်(Sung Dynasty)လက်ထက်၌ ပုဂံပြည်ကျန်စစ်သားမင်းကြီးထံမှ သံအဖွဲ့စေလွှတ်ခဲ့ရာ တရုတ်ပြည်က ကောင်းစွာကြိုဆိုခြင်းပြုရုံမက အချုပ်အခြာအာဏာပိုင် ထီးဆောင်းမင်းတို့နှင့်လျော်ညီသော အဆောင်အယောင်အခမ်းအနားအပြည့်အစုံဖြင့် ဧည့်ဝတ်ပြုခဲ့ပေသည်။

ပျူခေတ်မှသည် ပထမမြန်မာနိုင်ငံတော်ဖြစ်သော ပုဂံခေတ်တိုင် မြန်မာတို့သည် လွတ်လပ်ခြင်းနှင့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ငြိမ်းချမ်းဝပြောစွာ၊ သာယာစည်းလုံးစွာနေထိုင်ခဲ့ကြသည်။ ၁၃ရာစုတွင် ပထမနယ်ချဲ့သမားဖြစ်သော မွန်ဂိုတို့သည် တရုတ်ပြည်ကိုသိမ်းပိုက်ပြီးနောက် ၁၂၇၈ခုနှစ်တွင် တရုတ်-မြန်မာနယ်စပ်အနီး ဗန်းမော်ပတ်ဝန်းကျင်ကို ကျူးကျော်ခဲ့သည်။ ၁၂၈၃ခုနှစ် ဒီဇင်ဘာလ ၃ရက်နေ့တွင် ငဆောင်ချမ်း၊ ၉ ရက်နေ့တွင် ကောင်းစင်၊ ၁၂၈၄ ခုနှစ် ဇန်နဝါရီလတွင် တကောင်းစသည်ဖြင့် မွန်ဂိုနယ်ချဲ့တို့၏လက်အောက် ကျရောက်ခဲ့သည်။

အသင်္ခယာ၊ ရာဇသင်္ကြန်၊ သီဟသူမည်သော ရှမ်းတိုင်းရင်းသား ညီနောင်သုံးဦးတို့ ဦးဆောင်သော တိုင်းရင်းသားတို့၏ စည်းလုံးမှုဖြင့် ကျူးကျော်သူမွန်ဂိုတို့အား မောင်းထုတ်၍ ပင်းယခေတ်ဟူသော လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုကို ပြန်လည်တည်ထောင်ခဲ့သည်။ ပင်းယ၊ တောင်ငူမှသည် ဒုတိယမြန်မာနိုင်ငံတော်ကာလအထိ မြန်မာနိုင်ငံသည် ကိုယ်ပိုင်ယဉ်ကျေးမှုကို အခြေခံသော အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် မားမားမတ်မတ် ရပ်တည်ခဲ့သည်။

၁၆ရာစုတွင် ပေါ်တူဂီလူမျိုး ဖိလစ်ဒီဘရစ်တို(ခ)ငဇင်ကာသည် ဟံသာဝတီနှင့် တောင်ငူ၊ ရခိုင်နှင့် ဟံသာဝတီစည်းလုံးညီညွတ်ရေးပြိုကွဲမှုကိုအခြေခံ၍ မြန်မာနိုင်ငံကို ကိုလိုနီပြုရန်ကြိုးပမ်းခဲ့ပြန်သည်။ သန်လျင်မြို့ကို ခြေကုပ်ယူ၍ မြန်မာ့သာသနာယဉ်ကျေးမှုများဖြစ်သော ဒဂုံ၊ ဟံသာဝတီတစ်ဝိုက်ရှိ စေတီပုထိုးတို့မှ ဌာပနာတိုက်များကို ဖောက်ဖျက်ယူငင်သည်။ ထိုဒေသတစ်ဝိုက်ရှိ မြန်မာလူမျိုးတို့အထွတ်အမြတ်ထား လှူဒါန်းထားခဲ့သော ကြေးခေါင်းလောင်းများကိုဖြုတ်၍ အရည်ကျို အမြောက်များသွန်းလျက် စစ်လက်နက်တည်ဆောက်ခဲ့သည်။

၁၅၀၃ ခုနှစ်တွင် ဘော်လော့နာ (Bologna) မြို့သား၊ လူဒိုဗီကိုဒီဗာသမား (Ludovico Di Varthema) သည် ဟံသာဝတီနှင့်ပဲခူးကို ရောက်ခဲ့သည်။ ဘုရင့်နောင်မင်းတရားကြီး တည်ထားခဲ့သော ကမ္ဘောဇသာဒီဟံသာဝတီနန်းတော်ကြီးကား အလွန်ကြီးကျယ်ခမ်းနားသည်။ နန်းတော်ကြီး၏ အညံ့ဆုံးအပိုင်းပင်လျှင် ရွှေသားဖြင့်ပြီး၏ဟု ချီးကျူးခဲ့ဖူးသည်။ ထိုမျှခမ်းနားထည်ဝါသော ဒုတိယ မြန်မာနိုင်ငံတော်၏ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီးမှာ ပေါ်တူဂီ၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရလေသည်။

အနောက်ဘက်လွန်မင်းတရားကြီး ဦးဆောင်သော မြန်မာ့တပ်မတော်က အသက်သွေးစတေး၍ ပေါ်တူဂီ ကျူးကျော်ရေးသမားများကို အောင်နိုင်ပြီး နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ပြန်လည်တည်ထောင်ခဲ့ရလေသည်။ တတိယမြန်မာနိုင်ငံတော်ကြီးကို အလောင်းဘုရားဦးဆောင်သော မြန်မာတပ်မတော်က ခမ်းနားထည်ဝါစွာ ပြန်လည်တည်ထောင်ခဲ့သည်။

၁၆၂၇ခုနှစ်တွင် ဒတ်ချ်၊ အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် မြန်မာနိုင်ငံ၏ ရေမြေသယံဇာတ ပေါကြွယ်ဝမှုအပေါ် မျက်စိကျခဲ့ပြန်သည်။ မြန်မာနိုင်ငံအတွင်း သူ့ထက်ငါ ရင်နှီးမြှုပ်နှံရေးကိစ္စကို ကြိုးပမ်းခဲ့ကြသည်။

ထို့နောက် နယ်ချဲ့ဗြိတိသျှတို့၏ အရှေ့အိန္ဒိယကုမ္ပဏီသည် မြန်မာနိုင်ငံကို ပြင်သစ်တို့ထက် လက်ဦးမှုရယူ ကျူးကျော်သိမ်းပိုက်ရန် ဆန္ဒပြင်းပြခဲ့သည်။ ၁၈၂၄ ခုနှစ်တွင် လော့ဒ်အမ်းဟတ်စ်(Lord Amherst)က မြန်မာနိုင်ငံကို စစ်ကြေညာ၍ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲစတင်ဖြစ်ပွားခဲ့သည်။ ဗြိတိသျှတို့နှင့် ရင်ဆိုင်ရသော အာသံ၊ မဏိပူရ၊ စစ်တကောင်းစသည့် အရှေ့ပိုင်းစစ်မျက်နှာတွင် ဗမာတို့နှင့်အတူ ကချင်၊ ချင်း၊ ရှမ်း၊ ရခိုင်၊ မွန် စသည့် တိုင်းရင်းသားများ ပူးပေါင်းပါဝင် တိုက်ခိုက်ခဲ့ကြသည်။ တနင်္သာရီ၊ မုတ္တမ၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် ပြည်စသည့် အနောက်ပိုင်း စစ်မျက်နှာတွင် ကရင်နှင့် မွန်တိုင်းရင်းသားများ ပါဝင်တိုက်ခိုက်ခဲ့ကြသည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် ရှမ်းတိုင်းရင်းသားများလည်း ပူးပေါင်းပါဝင်တိုက်ခိုက်ခဲ့ကြရာ ရှမ်းတိုင်းရင်းသူများပင် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ကြကြောင်း ဝက်ထီးကန်တိုက်ပွဲအတွေ့အကြုံကို ရေးသားခဲ့သော ဗြိတိသျှလူမျိုး “မေဂျာ စနော့ဒ် ဂရက်စ်”၏ မှတ်တမ်းတွင် အထင်အရှား တွေ့ရသည်။

၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရန္တပိုစာချုပ်အရ အာသံ၊ မဏိပူရ၊ ရခိုင်နှင့် တနင်္သာရီနယ်များ ဗြိတိသျှလက်အောက် သွတ်သွင်းခြင်းခံရသည်။ ထိုဒေသမှ ကရင်၊ ဗမာ၊ မွန်၊ ရခိုင်စသည့် တိုင်းရင်းသားများသည် လူသူလက်နက် စုဆောင်း၍ နယ်ချဲ့ဗြိတိသျှကို ခုခံတွန်းလှန်ခဲ့ကြသည်။

၁၈၅၂ ခုနှစ် ဧပြီလတွင် ဗြိတိသျှတို့က မြန်မာ့နယ်မြေများကို ထပ်မံထိပါးတိုက်ခိုက်သဖြင့် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ပွားခဲ့ရပြန်သည်။ ၁၈၅၂ ခုနှစ် အောက်တိုဘာလတွင် မုတ္တမ၊ ပဲခူး၊ ရန်ကုန်၊ ပြည်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများ ဗြိတိသျှလက်တွင်းသို့ ကျဆင်းသွားရပြန်သည်။ ဗြိတိသျှလက်အောက်ကျရောက်သွားသော ဒေသများမှ ကရင်၊ ဗမာနှင့် မွန်တိုင်းရင်းသားများ ပူးပေါင်းကာ ရရာလက်နက်ကိုင်စွဲခုခံစစ်ပွဲဆင်နွှဲခဲ့ကြသည်။

၁၈၈၅ခုနှစ် နိုဝင်ဘာလတွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ဖြစ်ပွား၍ ၁၈၈၅ ခုနှစ် နိုဝင်ဘာလတွင် မန္တလေးနေပြည်တော် ဗြိတိသျှလက်အောက် ကျရောက်ခဲ့ရသည်။ ငမောက် ပတ္တမြားကြီးအပါအဝင် မြန်မာ့ရတနာများ၊ ဘုရင်နှင့် ဘုရင့်မိသားစုပိုင် ရတနာပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။

မြန်မာမင်းပိုင် ပိဋကတ်တိုက် စာကြည့်တိုက်တွင် သိမ်းဆည်းထားသော မြန်မာ့ယဉ်ကျေးမှုမှတ်တမ်းများဖြစ်သည့် ပေ၊ ပုရပိုက်၊ မော်ကွန်းများမှန်သမျှ လုယက်မီးရှို့ခြင်းကိုခံခဲ့ရသည်။ ရွှေနန်းတော်ကြီး၏ ရင်ပြင်တစ်ခုလုံး၌ ပေ၊ ပုရပိုက်တို့ ဖရိုဖရဲ ပြန့်ကြဲနေပြီး အချို့ကို မီးတင်ရှို့ခဲ့ကြကြောင်း တွေ့ရသည်ဟု မျက်မြင်တွေ့ရှိသူများ မှတ်တမ်းပြုစုခဲ့ကြသည်။ နောက်ဆုံး ‘တောင်ခွင်မင်းကြီး’က လွှတ်ရုံစာရေး ဦးမြဲကို ကာနယ်စလေဒင်(Colonel E.B Sladen)ထံ စေလွှတ်ပြီး ပေ၊ ပုရပိုက်များဖျက်ဆီးခြင်းကို ကန့်ကွက်အရေးဆိုခဲ့သည်ဟု သိရှိခဲ့ရသည်။

ခြင်ကျား (မအူပင်)

သီပေါမင်းလက်ထက် ပိဋကတ်တော်အုပ် ဦးသံ၏ ပိဋကတ်တော်သမိုင်းစာတမ်းစာစုစာရင်း၌ ကျမ်း၊ ပေ၊ ပုရပိုက်များအပြင် စာအုပ်ပေါင်း ၂၀၄၇ အုပ်ရှိကြောင်း ပိဋကတ်၊ အဋ္ဌကထာ၊ ဋီကာ၊ သဒ္ဒါ၊ အဘိဓာန်၊ ဆန်းလင်္ကာ၊ ဝတ္ထု၊ ဆေးဓမ္မသတ်၊ ပျို့၊ ကဗျာ၊ အလင်္ကာ၊ ရာဇဝင် ပညာရပ်အမျိုးအစားပေါင်း ၃၆ မျိုးရှိကြောင်း ဖော်ပြထားသည်။

နယ်ချဲ့အင်္ဂလိပ်တို့က အိန္ဒိယအတွင်းဝန်ရုံး ပိဋကတ်တိုက်သို့ ပေစာ၊ ပုရပိုက် ၁၁၅၀ ကို ပေးပို့ခဲ့ကြောင်း သိရသည်။ ပရောဖက်ဆာ ဖက်ဘောလ်က မြန်မာနိုင်ငံမှပေးပို့သည့် ပေ၊ပုရပိုက်များအနက် လမ်းတွင် ရှစ်ရာခန့်ပျောက်ဆုံးခဲ့သည်ဟု မှတ်တမ်းတင်ရေးသားထားသည်။

ဤကား နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြိုကွဲသောအခါ ကြုံတွေ့လေ့ရှိသော ဆိုးကျိုးများပင်ဖြစ်သည်။ ထို့ကြောင့်ပင် နေပြည်တော် ကျဆုံးခဲ့ပြီးနောက် အရွယ်ရောက်သူ ပြည်ထောင်စုဖွား တိုင်းရင်းသားမှန်သမျှ လက်နက်စွဲကိုင်၍ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ ဆင်နွှဲခဲ့ကြသည်။ မြေထဲ၊ သရက်၊ ညောင်ဦး၊ မြင်းခြံ၊ မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်၊ရမည်းသင်း၊ ကျောက်ဆည် စသည့် မြန်မာပြည်အလယ်ပိုင်းဒေသကြီးတစ်ခုလုံး နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများကို ခြိမ့်ခြိမ့်သဲဆင်နွှဲခဲ့ကြသည်။

မြန်မာတို့သည် နယ်ချဲ့ဗြိတိသျှတပ်များကို တွေ့ရာနေရာတွင် ရဲဝံ့စွာ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသကဲ့သို့ ရှမ်းတိုင်းရင်းသားများကလည်း မြေပြန့်ကိုဆင်းကာ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ ဆင်နွှဲခဲ့ကြသည်။ လက်နက်ကိုင်တော်လှန်ရေး ကြာညောင်းလာသောအခါ လက်နက်အင်အားချင်း မယှဉ်သာသောကြောင့် မြန်မာနှင့် ရှမ်းတိုင်းရင်းသား နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုများသည် တောတောင်ထူထပ်ရာဒေသများသို့ တဖြည်းဖြည်းဆုတ်ခွာ၍ ခုခံခဲ့ကြပြန်သည်။ ထိုအရပ်ဒေသမှ တိုင်းရင်းသားများသည် မြေပြန့်မှ ဆုတ်ခွာလာကြသော မျိုးချစ်အင်အားစုများနှင့်အတူ ပူးပေါင်း၍ နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

ကယားတောင်တန်း၊ ကချင်တောင်တန်း၊ ချင်းတောင်တန်းနှင့် ရှမ်းတောင်တန်းကြီးများတွင် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ တောမီးပမာပျံ့နှံ့၍ အရှိန်အဟုန်ပြင်းစွာ ဖြစ်ပွားခဲ့သည်။

ကယားတောင်တန်းတွင် စောလဖော်နှင့် ထွတ်လူခေါင်းဆောင်သော ကယားတိုင်းရင်းသားများနှင့် ရှမ်းတိုင်းရင်းသားများက ပူးပေါင်းတိုက်ခိုက်ခဲ့သည်။

ကချင်တောင်တန်းတွင် ဖုံကန်ဒူဝါ၊ ဆမားဒူဝါ၊ ဂရားဒူဝါ၊ သဖာဒူဝါနှင့် ဆဒုံဒူဝါတို့ ခေါင်းဆောင်သော ကချင်တိုင်းရင်းသားများ၊ ဦးခမ်းလှိုင်၊ စောရန်ပိုင်နှင့် ဦးအောင်မြတ်တို့ ဦးဆောင်သော ရှမ်း၊ ဗမာ၊ ကချင် တိုင်းရင်းသားများက ဇာတိမာန်တက်ကြွစွာ နယ်ချဲ့တို့ကို တိုက်ခိုက်ခဲ့ကြသည်။ ချင်းတောင်တန်းနှင့် ချင်းတွင်းမြစ်ညာဝဲယာဒေသတို့တွင် ရွှေချိုးဖြူမင်းသား ခေါင်းဆောင်သည့် ဗမာတိုင်းရင်းသားများနှင့် ကြွန်ဘိခ် ဦးဆောင်သော ချင်းတိုင်းရင်းသားများ၊ ဦးတက်၊ ဦးပြား ဦးဆောင်သော ရှမ်းနှင့် ဗမာ တိုင်းရင်းသားများက နယ်ချဲ့တို့ကို ခုခံတိုက်ခိုက်ခဲ့ကြသည်။

ရှမ်းတောင်တန်းတွင် မြင်စိုင်း မင်းသား၊ လင်းပင်မင်းသား၊ ကျိုင်းတုံစော်ဘွားနှင့် ရပ်စောက်စော်ဘွား ဦးဆောင်သော ရှမ်းတိုင်းရင်းသားများနှင့် စောမဟာ၊ နော်ခမ်းဦး ဦးဆောင်သော ‘ဝ’တိုင်းရင်းသားတို့သည် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် စိတ်ဓာတ်ဖြင့် နယ်ချဲ့တို့ကို ဆန့်ကျင်တိုက်ခိုက်ကြသည်။ ဗြိတိသျှတို့က ချင်းတောင်တန်းကို မတိုက်ခိုက်စေလိုလျှင် ရွှေချိုးဖြူမင်းသားအား ဖမ်းဆီးအပ်နှံရမည်ဟူသော ကမ်းလှမ်းချက်ကို ချင်းတိုင်းရင်းသားများက ပယ်ချခဲ့သည်။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲနောက်ပိုင်းတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ သူ့ကျွန်မခံလိုသော စိတ်ဓာတ်နှင့် တော်လှန်ရေးဖွဲ့သတ္တိများ အလွန်တရာပြင်းပြထက်သန်ခဲ့သည်။

၁၈၉၇ ခုနှစ်ခန့်မှစ၍ မြန်မာနိုင်ငံရှိ မြို့ကြီးများတွင် ဗုဒ္ဓဘာသာအသင်းများ ဖွဲ့စည်းခြင်း၊ ၁၉၀၆ ခုနှစ်တွင် ဝိုင်အမ်ဘီအေ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်ဖွဲ့စည်းခြင်း၊ ၁၉၂၀ပြည့်တွင် ဂျီစီဘီအေအသင်းချုပ် ဖွဲ့စည်းခြင်းစသည့် နိုင်ငံရေးလှုပ်ရှားမှုများဖြင့် ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ရန် နိုင်ငံရေးနည်းဖြင့် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပေါ်ပေါက်ခဲ့သော ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံသည် လက်နက်အင်အားသာလွန်သော နယ်ချဲ့တို့အား ဒူးမထောက် လက်မမြှောက်သည့် မျိုးချစ်စိတ်ဓာတ်ကို ဖော်ကျူးခဲ့သည်။

နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကြီးကို ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်လက်တွဲပြီး တစ်ခဲနက် ဆင်နွှဲနိုင်သဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရယူနိုင်ခဲ့သည်။

ယခင်က မြန်မာနိုင်ငံတွင် ရှာဖွေတွေ့ရှိသော ပရိုင်းမိတ်ရုပ်ကြွင်းများကို အဆင့်မြင့် လူတူပရိုင်းမိတ်များ မှန်မမှန် အငြင်းပွားခဲ့ကြသည်။ ယခုအခါ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနက ဦးစီးသော မြန်မာနိုင်ငံပုံတောင်ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့သည် ကျောက်ဖြစ်ရုပ်ကြွင်း လေ့လာရေးကို အပတ်တကုတ် အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ပြင်သစ်နိုင်ငံ မောင့်ပီလီယေးလ်တက္ကသိုလ်မှ ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင်များသည် မြန်မာနိုင်ငံမှ ပညာရှင်များနှင့်ပူးပေါင်း၍ ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေရေးလုပ်ငန်းကို ကွင်းဆင်းလေ့လာ ဆောင်ရွက်ခဲ့ကြသည်။

ပြင်သစ်ပညာရှင်များအဖွဲ့သည် ၂၀၀၂ ခုနှစ် နိုဝင်ဘာလအတွင်းက မြန်မာပညာရှင်များနှင့် ပူးပေါင်း၍ ကွင်းဆင်းရှာဖွေစဉ် မိုးကောင်းကျေးရွာအနီးရှိ ဆည်ချောက်ကျစ်ချောင်နေရာမှ ပရိုင်းမိတ်၏ ခြေမျက်စိရိုးနှင့် ခြေချင်းဝတ်ရိုးတို့ကို တွေ့ရှိခဲ့သည်။ ယင်းတွေ့ရှိချက်ကို အမေရိကန်နိုင်ငံတွင် ထုတ်ဝေသော PNAS;Proceeding of National Academy of Scienceဂျာနယ် အတွဲ(၁၀၀)၊ အမှတ်(၂၃)၊ စာမျက်နှာ (၁၃၁၇-၃-၁၃၁၇၈)တွင် ရေးသားဖော်ပြခဲ့သည်။

ပြင်သစ်-မြန်မာ ပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သော ခြေမျက်စိရိုးများသည် အဆင့်မြင့် လူတူပရိုင်းမိတ် (Anthro Poid Primate)ဖြစ်သည်မှာ သေချာကြောင်း ခိုင်မာစွာသက်သေပြနိုင်ခဲ့သည်။

လူသားမျိုးနွယ်အစ အာဖရိကမှဖြစ်သည်ဟူသော အယူအဆ မှေးမှိန်ခဲ့ပြီး လူသားမျိုးနွယ်အစ အာရှ(မြန်မာ)မှဟု ကမ္ဘာ့ပညာရှင်များက အတည်ပြုခဲ့ကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၇၀၀ ကျော်ခန့်ကပင် အဘိရာဇာသည် တောတောင်များကို ခုတ်ထွင်ရှင်းလင်း၍ မြို့သစ်တည်ခြင်း၊ လမ်းဖောက်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။ တရုတ်ပြည်နှင့် အိန္ဒိယပြည်စပ်ကြား၌ မြန်မာနိုင်ငံကို ထူထောင်ခဲ့သည်။ အရှေ့ဘက်တစ်လွှား နယ်ခြားတစ်လျှောက် ခံတပ်ပေါင်း ၁၆ ခုကို တည်ဆောက်၍ သင်းတွဲဟုခေါ်သော တကောင်း၌ ထီးနန်းစိုက်ထူခဲ့သည်။ မင်းဆက်ပေါင်း ၃၃ ဆက်၊ နှစ်ပေါင်း ၃၀၀ တိုင် တည်တံ့ခဲ့ပြီး နောက်ဆုံးမင်းဆက်ဖြစ်သော ဘိန္နကရဇ်မင်းနတ်ရွာစံ၍ မြတ်စွာဘုရားပွင့်တော်မူပြီးနောက် မြန်မာပြည်သို့ ဝင်ရောက်လာသော ဓဇရာဇာမင်းကြီး အမှူးရှိသည့် သာကီဝင်မင်းတို့နှင့် ပေါင်းစည်းခဲ့ကြသည်ဟု သမိုင်းမှတ်တမ်းများက ဖွင့်ဆိုထားသည်။

မြန်မာနိုင်ငံတွင်ရှေးပဝေသဏီကပင် မှီတင်းနေထိုင်လာခဲ့ကြသော တိုင်းရင်းသား လူမျိုးများသည် တိုင်းတစ်ပါးမှ ပြောင်းရွှေ့လာသောမျိုးနွယ်များ မဟုတ်ကြောင်း တွေ့ရသည်။ တစ်မြေတည်းနေ-တစ်ရေတည်းသောက်ကြသူများဖြစ်ပြီး အမိမြန်မာ နိုင်ငံ၏ ရေခံမြေခံတွင် ရှင်သန်ဖြစ်ထွန်းလာသူများပင် ဖြစ်ကြသည်။

ထို့ပြင် မွေးရာပါအမြုတေ မြန်မာ့လွတ်လပ်ခြင်းအမွေကိုထိပါးလာသော နယ်ချဲ့ရန်မှန်သမျှကို အမျိုးသားရေးအသိဖြင့် ညာညိုစရာမလိုသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် မောင်းထုတ်ခဲ့ကြကြောင်း သမိုင်းစဉ်တစ်လျှောက် ရှင်းလင်းပြတ်သားစွာ တွေ့မြင်နေရပေသည်။ နယ်ချဲ့အမျိုးမျိုးက မည်သို့ပင်ပရိယာယ်ပြောင်းလဲ ကျင့်သုံးခဲ့ကြသော်လည်း ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူများသည် မွေးရာပါအမြုတေ မြန်မာ့လွတ်လပ်ခြင်းအမွေကို အမျိုးသားရေးတာဝန်အဖြစ် သားစဉ်မြေးဆက် ပူးပေါင်းလက်တွဲ ထမ်းဆောင်သွားကြရမည်သာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသတည်း။ ။

■ **ကျောဖုံးမှ**

အချို့အာရှနိုင်ငံများတွင် ထိုအော့ဖ်စက်ကြီးကို ယခုကဲ့သို့ ကိုယ်တိုင်ကိုယ်ကျကြံဆ၍ မောင်းနှင်ရန် မဆိုထားဘိ ပြသပြီးနောက်တွင် မမောင်းတတ်သေး၍ အချိန်ပေးသင်ကြားပြသရကြောင်း ပြောဆိုပြီး ဆရာကြီးကို လက်ဆွဲနှုတ်ဆက်ပုံ၊ ယခုကဲ့သို့ ကိုယ့်အားကိုယ်ကိုးမောင်းတတ်သည့် ဉာဏ်မည်သို့ထွက်လာကြောင်း မေးလိုက်သည့်အခိုက်တွင် ဆရာကြီးက "ခင်ဗျားတို့ ထွင်သမျှ ကျုပ်တို့လည်း ပြင်တတ်၊ ပြင်နိုင်ကြပါကြောင်း" ပြောဆိုခဲ့သည့် ဓာတ်ဝင်ခန်းပါ ယင်းစာအုပ်ကို ယနေ့ကာလတွင် ပို၍သတိတရဖြစ်မိပေသည်။

မှန်ပါသည်။ ယနေ့မျက်မှောက်ခေတ်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် "စက်မှုစွမ်းအားခေတ်ကျော်လွှား" ဆောင်ပုဒ်နှင့်အညီ စက်မှုလက်မှုလုပ်ငန်းများကို နိုင်ငံပိုင်အဆင့်သာမက ပုဂ္ဂလိကပိုင် အဆင့်ကိုပါ စက်မှုဇုန်များဖော်ဆောင်ပြီး အားပေးချီးမြှင့်လျက်ရှိရာ ယခင်က နိုင်ငံခြားမှထွင်သမျှစက်မှုပစ္စည်းများကို မြန်မာတို့ကကိုယ်ပိုင်ဉာဏ်စွမ်းဖြင့် ပြင်တတ်ခဲ့ကြရာမှ ယခုဆိုပါလျှင် ပြင်တတ်ရာမှ ထွင်တတ်လာသည့် အဆင့်ဆီသို့ တိုးတက်ပြောင်းလဲလာပေသည်။

အထူးသဖြင့် မြန်မာနိုင်ငံ ခရီးဝေးနှင့် ခရီးလတ် သယ်ယူပို့ဆောင်မှုတွင် အဓိကအခန်းကဏ္ဍမှသယ်ယူပို့ဆောင်ပေးလျက်ရှိသည့် မြန်မာ့မီးရထားသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအရှိန်ရလာသည်နှင့်အမျှ တိုးတက်လာမည့် ပို့ဆောင်ရေးလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် မြန်မာ့မီးရထားသုံးပစ္စည်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လွန်ခဲ့သည့် ၂၀၀၃ ခုနှစ် ဧပြီလတွင် မြစ်ငယ်တွဲပြင်စက်ရုံ တွဲတည်ဆောက်ရေးစက်ရုံနှင့် ရွာထောင်စက်ခေါင်းစက်ရုံ၊ မေလတွင် အင်းစိန် စက်ခေါင်းစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး "သုံးနှစ်စီမံချက်ဖြင့် ရထားပို့ဆောင်ရေး စွမ်းဆောင်ရည် တိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ စက်အရန်ပစ္စည်းထုတ်လုပ်နေသည့် အခြားဝန်ကြီးဌာနများအောက်ရှိ စက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိကစက်မှုဇုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပြီး အရန်ပစ္စည်းများတိုးချဲ့ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်၊ စက်ခေါင်းနှင့်တွဲများကို အရန်ပစ္စည်းလုံလုံလောက်လောက် စီမံထားရှိပြီး အကောင်းဆုံး ပြင်ဆင်သွားရန်၊ စက်နှင့်စက်အရန်ပစ္စည်းများကို တစ်ဆင့်ပြီး တစ်ဆင့် ပြည်တွင်း၌ တိုးချဲ့ထုတ်လုပ်ပြီး စက်ခေါင်း၊ လူစီးတွဲ၊ ကုန်တွဲတို့ကို ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းကြရန်" လမ်းညွှန်မှာကြားခဲ့ပေသည်။

ဆွေးနွေးပွဲများ

ယင်းလမ်းညွှန်ချက်များနှင့်အညီ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်း၊ တွဲ၊ စက်ကိရိယာများ၏ အရန်ပစ္စည်းများနှင့် မြို့ပြအင်ဂျင်နီယာ၊ ဆက်သွယ်ရေးအချက်ပြ အရန်ပစ္စည်းများ ထုတ်လုပ်ပေးသွင်းရေး ညှိနှိုင်းဆွေးနွေးပွဲများကို ကျင်းပပြီး တာဝန်ရှိသူများ၊ မြန်မာ့မီးရထားအကြံပေးပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပညာရှင်များကို ဖိတ်ကြား၍ မြန်မာ့မီးရထား ခေတ်မီတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ပဉ္စမအကြိမ်မြောက် နှီးနှောဖလှယ်ပွဲကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပြည်ပမှ တင်သွင်းနေရသော မြန်မာ့မီးရထားသုံးပစ္စည်းများနှင့် အရန်ပစ္စည်းများကို မြန်မာ့မီးရထားနှင့် ပူးပေါင်း၍ ပြည်တွင်း၌ အောင်မြင်စွာ တီထွင်ကြံဆကြိုးပမ်းထုတ်လုပ်ခဲ့ကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်၊ ပညာရှင် ၃၀ တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့သည်။

ခေတ်မီတိုးတက်ရေး

အဆိုပါညှိနှိုင်းဆွေးနွေးပွဲများသည် မြန်မာ့မီးရထားခေတ်မီ တိုးတက်ရေးအတွက် အရေးကြီးသော ဆွေးနွေးပွဲများဖြစ်ခဲ့ကြပေသည်။ ၂၀၀၃ ခုနှစ် ဇွန်လ ၆ရက်တွင် ပြုလုပ်ခဲ့သော စတုတ္ထအကြိမ်ညှိနှိုင်း ဆွေးနွေးပွဲမှ တစ်ဆင့် စက်ခေါင်းလျှပ်စစ်ပစ္စည်း ၃၃မျိုးကို တီထွင် ထုတ်လုပ်နိုင်ရန် သဘောတူညီချက်ရခဲ့ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ၁၃မျိုးကို တီထွင်နိုင်ခဲ့သည်။

ကျန်အမျိုးအစား ၂၀ ကိုလည်း တီထွင်ထုတ်လုပ်ဆဲဖြစ်ရာများမကြာမီတွင် အောင်မြင်နိုင်ရန်အလားအလာကောင်းများရှိနေသည်။ အလားတူ ဆက်သွယ်ရေးနှင့်အချက်ပြ ပစ္စည်းအချို့ကိုလည်း တီထွင်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေဆဲဖြစ်သည်။

ဒီဇယ်ခေါင်း

ထို့အတူဒီဇယ်စက်ခေါင်းအမျိုးအစားများစွာရှိသည့်အနက် မြင်းကောင်ရေအားမှာလည်း မြင်းကောင်ရေ ၅၀၀ မှ ၂၀၀၀ အား အထိ အစားစားရှိရာ ထိုစက်ခေါင်းများမှ စက်မှုပစ္စည်းအမျိုးပေါင်း ၁၈၆၈ မျိုး၊ လျှပ်စစ်ပစ္စည်းအမျိုးပေါင်း ၁၀၇၃မျိုး စုစုပေါင်းအမျိုးအစား ၂၉၄၁ မျိုးရှိရာတွင် မြန်မာ့မီးရထားမှဝန်ထမ်းများ တီထွင်ထုတ်လုပ်သည့် အမျိုးအစား ၁၁၇မျိုး၊ အခြားဝန်ကြီး ဌာနအောက်ရှိ စက်ရုံများနှင့် ပူးပေါင်းပြီး တီထွင်ထုတ်လုပ်နိုင်ခဲ့သည့် အမျိုးအစား ၃၅ မျိုး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းတီထွင်ထုတ်လုပ်နိုင်ခဲ့သည့် အမျိုးအစား ၁၈၈မျိုး စုစုပေါင်း အမျိုးအစား ၃၄၀ကို ပြည်တွင်း၌ တီထွင်ထုတ်လုပ်နိုင်ခဲ့ကြသည်။ လူစီးတွဲနှင့်ကုန်တွဲတည်ဆောက်ရေးတွင်မူ ဝင်ရိုးနှင့်ရိုလာဘယ်ယာရင်များမှအပ ကျန်အမယ် (အမည်)များကို ပြည်တွင်း၌ပင် ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ပြီဖြစ်သည်။

ခင်းကျင်းပြသ

ပဉ္စမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲတွင် မြန်မာ့မီးရထားသုံးအရန်ပစ္စည်းများ ထုတ်လုပ်သောလုပ်ငန်းရှင်များ၊ ပညာရှင်များကမိမိတို့ထုတ်လုပ်သွားမည့် အရန်ပစ္စည်းများနှင့် ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြရုံမက ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပညာရှင်များ ထုတ်လုပ်ထားသော မြန်မာ့မီးရထားသုံးအရန်ပစ္စည်းများ၊ အသစ်ထပ်မံထုတ်လုပ်ပေးလိုသော စက်အရန်ပစ္စည်း၊ လျှပ်စစ်အရန်ပစ္စည်း၊ ဆက်သွယ်ရေးအရန်ပစ္စည်း၊ မြို့ပြအင်ဂျင်နီယာသုံး အရန်ပစ္စည်းများ စုစုပေါင်း ၃၁၃ မျိုးအပြင် မြန်မာ့မီးရထားစက်ရုံများမှ ထုတ်လုပ် ပြီး ထုတ်လုပ်ဆဲပစ္စည်း ၁၅၉မျိုး၊ မြန်မာ့မီးရထားမှ မူရင်းပစ္စည်းများအား ပြန်လည်ပြုပြင်ထားသော ပစ္စည်း ၂၂ မျိုး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ထုတ်လုပ်ခဲ့သော ထုတ်လုပ်ဆဲအရန်ပစ္စည်း ၁၈၅ မျိုး၊ အခြားဝန်ကြီးဌာနအောက်ရှိ စက်ရုံများနှင့် မြန်မာ့မီးရထားတို့ ပူးပေါင်းထုတ်လုပ်ထားသော အရန်ပစ္စည်းများကို ခင်းကျင်းပြသခဲ့သည်။

တိုးတက်ပြောင်းလဲ

ညှိနှိုင်းဆွေးနွေးပွဲတွင်တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၊ ပညာရှင်များက "ငွေကြေး၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများကို မှန်ကန်စွာ ပေါင်းစပ်ပေးနိုင်ခြင်းဖြင့် လိုအပ်သော စက်ပစ္စည်းနှင့် အပိုပစ္စည်းများကိုအရည်အသွေးပြည့်မီစွာ ပြည်ပမှ မှာယူတင်သွင်းသော တန်ဖိုးထက်လျော့နည်းသော တန်ဖိုးဖြင့် ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း"၊ "နိုင်ငံတော်အတွက် နိုင်ငံခြားငွေသက်သာစေရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း"၊ "ဖြစ်နိုင်လျှင် ရထားစက်ခေါင်းကြီးတစ်ခုလုံးကို ပြည်တွင်းမှာပင်အလုံးစုံလုပ်ချင်ကြကြောင်း"ဖြင့် အားတက်သရော ညှိနှိုင်းဆွေးနွေးခဲ့ကြရာ ယခင်က နိုင်ငံခြားမှ ထွင်သမျှ စက်မှုပစ္စည်းများကို မြန်မာတို့က စက်မှုလက်မှု မျိုးဗီဇပါ ကိုယ်ပိုင်ဉာဏ်စွမ်းဖြင့် "ထွင်သမျှကိုပြင်တတ်" ခဲ့ကြရာမှ ယခုမျက်မှောက်ခေတ်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် "စက်မှုစွမ်းအား ခေတ်ကျော်လွှား" ဆောင်ပုဒ်နှင့်အညီ စက်မှုလက်မှု ပစ္စည်းများကို "ပြင်တတ်ရာမှထွင်တတ်လာသည့်" အဆင့်ဆီသို့ လျင်မြန်စွာ တိုးတက်ပြောင်းလဲလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် တာဝန်ရှိသူများလိုက်ပါလျက် မကွေးတိုင်းအတွင်း တည်ဆောက်လျက်ရှိသော မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ဇန်နဝါရီ ၃ ရက်တွင် ရောက်ရှိပြီး စီမံကိန်းမှတာဝန်ရှိသူများနှင့်အတူ ဓာတ်အားပေးစက်ရုံ၌ စက်များတပ်ဆင်နေခြင်းလုပ်ငန်း၊ ဓာတ်အားထိန်းချုပ်ခန်း၊ဓာတ်အားခွဲရုံ၊ ရေယူဥမင်လိုဏ်တူးဖော်ပြီးစီးမှု အခြေအနေ၊ ရေလျှံထိန်းစည်တူးဖော်ခြင်းလုပ်ငန်း၊ အရေးပေါ်ရေပိုလွှဲ၊ ရေယူအဆောက်အအုံနှင့်တံတားတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၄ ရက်တွင် မကွေးတိုင်း ရေနံချောင်းစက်မှုဇုန်သို့ ရောက်ရှိပြီး စက်မှုဇုန်မှတာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရေနံချောင်းစက်မှုဇုန်မှတီထွင် ထုတ်လုပ်ထားသည့် မော်တော်ကား၊ မော်တော်ဆိုင်ကယ်နှင့် အပိုပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် နောက်တွဲယာဉ်စမ်းသပ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံမှ ပေးပို့လာမည့် ဓာတ်အားများကို လက်ခံဖြန့်ဖြူးပေးမည့် တောင်တွင်းကြီးပင်မဓာတ်အားခွဲရုံသို့ ဝင်ရောက်၍ ဓာတ်အားခွဲရုံ တိုးချဲ့တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်း၊ ဓာတ်အားခွဲရုံ၌ ဓာတ်အားလက်ခံဖြန့်ဖြူးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၅ ရက်တွင် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ မြေအောက် ဓာတ်အားပေးစက်ရုံ၌ စက်များတပ်ဆင်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်မှရေများထုတ်လွှတ်နေခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ရဲနွယ်ရေအားလျှပ်စစ်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၆ ရက်တွင် ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိ၍ ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် မြေညှိခြင်းလုပ်ငန်း၊ ထုတ်ချင်းပေါက် ဖောက်လုပ်ပြီးစီးသွားသည့် ရေယူဥမင်လိုဏ်နှင့် ဥမင်လိုဏ်အတွင်းရှိ ရေလျှံထိန်းဆည်တည်ဆောက်ခြင်းလုပ်ငန်းတို့ကိုလှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းရှိဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပင်မတမံတည်ဆောက်ရန် အောက်ခြေမြေသားလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိဂီလမ်းရှိ ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၂၇၆)တွင် ပဓာနနာယကဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာနှင့် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဇန်နဝါရီ၁၀ရက်မှ၁၆ရက်အထိ ဆရာတော်ဦးဝိသိဋ္ဌာဘိဝံသ ဥက္ကာအရှင်သူမြတ်နှင့် နာယကဆရာတော် ဦးပုညအရှင်သူမြတ်တို့က ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါးတရားများကို ဟောကြားပြသမည်ဖြစ်ရာ ဇန်နဝါရီ၉ရက်နောက်ဆုံးထား၍ ဖုန်း-၅၅၉၆၀၄သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ **(က-ပ)**

ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်(၁၂)ရပ်ကွက် လှိုင်ရတနာလမ်း မိုးကုတ်ရိပ်သာအဖွဲ့ခွဲ အမှတ် (၁၄၆)၏ နှစ်စဉ်ကျင်းပလျက်ရှိသော တရားစခန်းပွဲကို ဇန်နဝါရီ ၁၂ရက်မှ ၁၈ ရက်(ပြာသိုလပြည့်ကျော် ၆ရက်မှ ၁၂ရက်အထိ)ကျင်းပမည်ဖြစ်ရာ ယောဂီများ ဇန်နဝါရီ ၁၁ရက်(ပြာသိုလပြည့်ကျော် ၅ရက်) အရောက်လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

နှလုံးအိမ်မဂ္ဂဇင်း ဇန်နဝါရီလထုတ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၈

နှလုံးအိမ်မဂ္ဂဇင်း (Heart) အတွဲ(၁)၊ အမှတ်(၇)၊ ဇန်နဝါရီလထုတ်ကို အမှတ် ၇၃ ဒုတိယထပ် ၅၀ x ၅၁ လမ်းကြား ဗိုလ်ချုပ်အောင်ဆန်းလမ်း ပုဇွန်တောင်မြို့နယ်ရှိ Fairy Land Media မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ကြောင်းသိရသည်။ အဆိုပါမဂ္ဂဇင်းတွင် ၂၀၀၂ ခုနှစ် ရွှေရတုအကယ်ဒမီ မြင်ကွင်းစုံ အချပ်ပိုများ၊ ခင်ဇာခြည်ကျော်နှင့် အခြားအနုပညာရှင်များ၏ အင်တာဗျူးများ၊ အရွယ်တင်နုပျိုခြင်းနှင့် ဆံကေသာအလှ၏ လျှို့ဝှက်ချက်၊ အဝလွန်သူများရဲ့ဒုက္ခ၊ အနုပညာနှင့် ဖန်တီးသူ၏ စက်ဝိုင်းခရီး၊ ပြောချင်လို့ဖတ်ထားတာ၊ လူသားအတွက်ကဗျာ၊ မော်ဒန်ရုပ်ရှင်နိဒါန်း၊ ဘောလုံးကြယ်ပွင့်ဝိန်းရွန်နီ(၅၃)ကြိမ်မြောက် မယ်ကမ္ဘာပြိုင်ပွဲစသည့် သုတ၊ ရသ၊ အလှအပရေးရာများအပြင် မြမြင့်မိုရ်၊ သျှင်ထွေးဟန်၊ ပီနော့နွှာ တို့၏ ဝတ္ထုများနှင့် လစဉ်ပါနေကျ ကဏ္ဍများကို ထည့်သွင်းဖော်ပြထားသည်။ **(အောက်ပုံ) (က-ပ)**

နဝရတ်ကွန်ပျူတာအရောင်းနှင့်ပြင်ဆင်မှုပြခန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၈

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နဝရတ်ကွန်ပျူတာအရောင်းနှင့် ပြင်ဆင်မှုပြခန်းဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉နာရီက အမှတ် ၃၁၅ ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ်၌ကျင်းပရာ ဒုတိယဗိုလ်မှူးကြီးတင်ဦး(လက်ထောက်စစ်ရေးချုပ်)နှင့် ဦးအောင်ဇော်မြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

နဝရတ်ကွန်ပျူတာသည် ကွန်ပျူတာနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများလုပ်ဆောင်ရာတွင် အကောင်းဆုံးဝန်ဆောင်မှုပေးပြီး ကွန်ပျူတာပြုပြင်ခြင်း၊ အဆင့်မြှင့်ခြင်းလုပ်ငန်းများကို စိတ်တိုင်းကျ ဆောင်ရွက်ပေးလျက်ရှိပြီး ကွန်ပျူတာများကို ငှားရမ်းပေးမည်ဖြစ်ရာ အသေးစိတ်ကို ဖုန်း-၂၉၅၇၅၈၊ E-mail: nwrt@ myanmar .com.mm သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းသိရသည်။

(က-ပ)

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကြည့်မြင်တိုင် ကမ်းနားဈေးသာယာရေးအဖွဲ့နှင့် ဈေးသူဈေးသားများ၊ စေတနာရှင်များ စုပေါင်း၍ နာရေးကူညီမှုအသင်း (ရန်ကုန်)အား အလှူငွေလှူဒါန်းပွဲကို ဒီဇင်ဘာ ၁ ရက်က ဈေးသာယာရေးအဖွဲ့ရုံးခန်းတွင်ပြုလုပ်ရာ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ကိုအေး(ခ)ဦးစိန်အေးသောင်းက လှူဒါန်းငွေ ကျပ် ၇၁၃၅၀၀ ကို အသင်း ဒုတိယဥက္ကဋ္ဌ(၁) ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီကျော်သူအားပေးအပ်စဉ်။ (က–ပ)

နန်းဦးစေတီ ပြန်လည်မွမ်းမံတည်ဆောက်မည်

ရန်ကုန် ဇန်နဝါရီ ၈

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဟာမုနိ ရုပ်ရှင်တော်မြတ်ဘုရားကြီးအနီး နန်းဦးစေတီတော်ကို မူလစေတီတော်နေရာ၌ ရှေးမူလက်ရာမပျက် ပြန်လည်မွမ်းမံတည်ဆောက်မည်ဖြစ်ရာ သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် ပါဝင်လှူဒါန်းလိုပါလျှင် ဘဒ္ဒန္တရေဝတ (သာသနဓဇဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ)အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် သံဃမဟာနာယကမြို့မရွှေကျောင်း ကျောက်တော်မြို့ ရခိုင်ပြည်နယ်၊ ဘဒ္ဒန္တဝါယမိန္ဒ နန်းဦးစေတီ ပြန်လည်မွမ်းမံတည်ဆောက်ရေး ဆရာတော် ဓညဝတီ သာသနာပြုကျောင်းတိုက် ဦးထောင်ဘိုလမ်း ဗဟန်း ရန်ကုန် ဖုန်း–၃၇၉၈၉၈၊ ဦးလှအေး အမှတ် ၂၉ ၁၅၃ လမ်း တာမွေ ရန်ကုန် ဖုန်း–၇၂၆၂၆၉နှင့် ဦးမောင်ရင် အမှတ် ၃၀ ၁၅၇ လမ်း တာမွေ ရန်ကုန် ဖုန်း–၅၅၇၇၄၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ဇန်နဝါရီ ၃ ရက်က အမက (၂၇) တာမွေတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မြင့်က သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ထူးချွန်ဆုရ မသက်ဆုဝေအား ဆုရီးမြှင့်စဉ်။
(က–ပ)

ဂျပန်ဘာသာသင်တန်းနှင့် စာမေးပွဲလမ်းညွှန်သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၈

ဂျပန်နိုင်ငံ တက္ကသိုလ်များသို့ တက်ရောက်နိုင်မည့် AIEJ Association of International Education, Japanမှ ၂၀၀၄ ဇွန်လ၌ မြန်မာနိုင်ငံတွင် ကျင်းပမည့် EJU˚Examination for Japanese University Admission For International Students အစီအစဉ်ကို ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ဖြေဆိုခွင့် လျှောက်လွှာတင်ကြမည့် ကျောင်းသားများအတွက် ဝင်ခွင့်လျှောက်လွှာဖြည့်နည်း၊ သိပ္ပံ၊ ဝိဇ္ဇာ၊ သင်္ချာဘာသာရပ် ကြိုတင်ရွေးချယ် ပြင်ဆင်ရန်နှင့် ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်ခွင့် ၂၀၀၃–၂၀၀၄ ခုနှစ် သင်ရိုးညွှန်းတမ်းများ၊ မေးခွန်းနှင့်အဖြေပုံစံများ၊ ဖြေဆိုနည်းများကို လမ်းညွှန်လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ အမှတ် ၇၁ ဒုတိယထပ် ဆင်ရေကန်လမ်း ကွင်းကျောင်းလမ်းထိပ် ပိုက်တောမှတ်တိုင် အလုံမြို့နယ်နှင့် အမှတ် ၂၀၀/၂၀၈ မြေညီထပ် ၃၅လမ်း (အထက်)ကျောက်တံတားမြို့နယ် ဖုန်း–၂၂၃၀၆၀၊ ၆၄၀၁၅၂ နှင့် ၂၄၂၅၉၈ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ ထို့အပြင် စနေ၊ တနင်္ဂနွေနေ့များတွင် ဂျပန်ဘာသာ အခြေခံသင်တန်းကို ပညာဒါနအဖြစ် အခမဲ့သင်ကြား ပေးလျက်ရှိသည်။ **(က–ပ)**

ဘုရားဖြူဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသော (၇၂)ကြိမ်မြောက် ဝိနည်းစာပြန်ပွဲ၊ ဆုနှင်းသဘင် အကြိုတရားပွဲများကို ဘုရားဖြူကျောင်းတိုက် ပုဇွန်တောင်မြို့နယ်အတွင်း ညစဉ်ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၀ ရက် (စနေနေ့)တွင် ချမ်းမြေ့(မော်ဘီ)ဦးဣန္ဒက၊ ၁၁ရက် (တနင်္ဂနွေနေ့)တွင် ချမ်းမြေ့(ရန်ကုန်) ဦးသောဘိတာဘိဝံသ၊ ၁၇ရက်(စနေနေ့)တွင် ကျောက်ပန်းတောင်း ဦးကုမာရ(မဟာစည်)ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဇန်နဝါရီ ၅ ရက်က လှိုင်မြို့နယ် အမက (၁၀) ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် မြို့နယ်အဆင့် ဒုတိယ၊ ဘက်စုံ ပထမ၊ ကျောင်းလုပ်ငန်းပထမ၊ စာပေဒုတိယဆုရရှိသော မသုသုမော် အား မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူရွှေက ရွှေစင်ရုပ် ဆုရီးမြှင့်စဉ်။ (က–ပ)

အထက(၃)မြောက်ဥက္ကလာပ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၈

အထက(၃) မြောက်ဥက္ကလာပတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၅၅)နှစ်နှင့်အထက် ဆရာ ဆရာမများ၊ အငြိမ်းစားဆရာ ဆရာမများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြမည့် ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက(၃) မြောက်ဥက္ကလာပ၌ ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံဆရာများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြရန်နှင့် ကျောင်းသားဟောင်းများ အနေဖြင့်လည်း အလှူငွေများကို ဒေါ်ခင်နွယ်ဝင်း(ကျောင်းအုပ်ကြီး) ဖုန်း–၆၉၉၁၉၀၊ ဦးသန်းဝင်း ဖုန်း–၆၉၉၉၆၅၊ ဦးသန်းစိန် ဖုန်း–၆၉၀၁၁၄၊ ဒေါ်မေရီအေး ဖုန်း–၆၉၀၃၃၂ နှင့် ဦးဇော်သန့် ၆၉၀၃၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မူကြို ကွန်ပျူတာသင်တန်းများဖွင့်

ရန်ကုန် ဇန်နဝါရီ ၈

ဒေါ်ညိုညိုစိမ့် B.E (Mech;) စီစဉ်သော Jewel Crown တွင် Pre-Kinder Garten (age $2\frac{1}{2}$ to 5 year ထိ)အတွက် (Myanmar, English, Maths, Colouring, Computer CD Rom) များကို အတွေ့အကြုံရှိ ဘွဲ့ရဆရာမများက စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများအတွက် နွေရာသီသင်တန်းများအဖြစ် အင်္ဂလိပ်စာ ထူးချွန်စေရန် (ကွန်ပျူတာ အသုံးချမှုဆိုင်ရာအခြေခံသင်တန်း)မှစ၍ သင်တန်းများကို သင်ကြားဖွင့်လှစ်မည်ဖြစ်သည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ၊ ဘွဲ့ရ၊ ဘွဲ့ကြိုများအတွက် English Language (4 skills) ကို လစဉ် လဆန်းပိုင်းမှ စတင်၍ သင်တန်းသစ်များ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စိတ်ဝင်စားသူများသည် အမှတ် ၁၄ ဇွန်းလွန်းဂူ ကျောင်းလမ်း (လမ်းသွယ်–၂)ဘောက်ထော် ရန်ကင်းမြို့နယ် ဖုန်း–၀၁–၅၅၈၈၉၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အိပ်မက်နတ်သမီး ရုံသုံးရုံအပြိုင်တင်

နေကမွေးတဲ့လ ရွှေ့ဆောင်၊ နေပြည်တော်နှင့် နဝဒေး၌ပြသ

ရန်ကုန် ဇန်နဝါရီ ၈

ယခုသောကြာပတ်တွင် **အိပ်မက်နတ်သမီး** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံ သုံးရုံတွင် ရုံဝင်လာသည်။ လွန်းထားထား၏ ဝတ္ထုကို ဒါရိုက်တာ ခင်မောင်ဦးနှင့် စိုးသိမ်းထွဋ်က ဒွေး၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်တို့ဖြင့် ရိုက်ကူးထားသည်။ ချုပ်ချယ်လွန်းသော မိသားစုဘဝ အိမ်ထောင်ရေး အကျဉ်းအကျပ်မှ ရုန်းမထွက်နိုင်ရှာသူ ဒီပါအတွက် အိပ်မက်နတ်သမီးလေးကို စိတ်ကူးယဉ်ကမ္ဘာမှ မွေးဖွားပေးလိုက်သောအခါ အချစ်ဇာတ်လမ်းလေးတစ်ပုဒ် ဖြစ်လာ

ရုပ်ရှင်သတင်းထောက်

သည်။ အချစ်ဇာတ်လမ်းလေးကို စောခူဆဲလ်၏ တေးသီချင်းစာသားများဖြင့် ပံ့ပိုးဖြည့်ဆည်းပေးလိုက်သောအခါ အိပ်မက်နတ်သမီးသည် ဆွတ်ပျံ့ဖွယ်၊ လွမ်းမောဖွယ်၊ သင်ခန်းစာရ ဖွယ်ဇာတ်လမ်း လေးအဖြစ်ကြည့်ကြရမည့် အိမ်ထောင်ရေး ပညာပေးဇာတ်ကားဖြစ်သည်။

ငြိမ်းမင်း၏ ဇာတ်ညွှန်းကို ဒါရိုက်တာမောင်တင်ဦး ရိုက်ကူးသည့် **နေကမွေးတဲ့လ** ဇာတ်ကားရွှေ့ဆောင်ရုံ၊ နေပြည်တော်ရုံနှင့် နဝဒေး ရုပ်ရှင်ဥယျာဉ်ရုံများတွင် အပြိုင်ပြသနေသည်။

(မြန်မာ့အလင်း)

နေက မွေးတဲ့ လ

ပြသဆဲ နေကမွေးတဲ့ လဇာတ်ကားမှ ကျော်ဟိန်း။

မကြာမီရုံဝင်လာမည့် ပေါက်ပေါက်မြောက်မြောက် ဇာတ်ကားမှ ရာဇာနေဝင်းနှင့် စိုးမြတ်နန္ဒာ။

ယခုအပတ် ရုံဝင်လာသည့် အိပ်မက်နတ်သမီးမှ ဒွေးနှင့် အိန္ဒြာကျော်ဇင်။

ပေါက်ပေါက်မြောက်မြောက်ဇာတ်ကား မကြာမီရုံဝင်မည်

လူစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး မောင်သူရ၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ခင်မောင်ဦးနှင့် စိုးသိမ်းထွဋ် ရိုက်ကူးသည့် ပေါက်ပေါက်မြောက်မြောက် ဇာတ်ကားသစ် မကြာမီ ရုံဝင်လာမည်။

ပေါက်ပေါက်မြောက်မြောက်တွင် ရာဇာနေဝင်းကို ပေါက်ပေါက်အဖြစ် သွက်သွက်လက်လက် အသွင်ဖြင့်တစ်မျိုး၊ မြောက်မြောက်အဖြစ် ရိုးရိုးအသွင်ဖြင့်တစ်ဖုံ စရိုက်နှစ်မျိုးဖြင့် နှစ်ကိုယ်ခွဲထားသည်။ ရာဇာနေဝင်းနှင့်အတူ ဇာဂနာ၊ စိုးမြတ်နန္ဒာ၊ ဆုပန်ထွာနှင့် ဟာသသရုပ်ဆောင်ပေါင်းစွာ ပါဝင်ထားသည်။ (မြန်မာ့အလင်း)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက်စာအုပ်များလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ လှူဒါန်းသည့် စာအုပ်များကို လက်ခံပြီး (အပေါ်ပုံ) **ကျေးဇူးတင်စကား ပြောကြားသည်။**

အခမ်းအနားသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌွေး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန် ကြားရေးမှူး ဦးတင်ခ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းနှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ အလှူရှင် များတက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး(ပြန်/ဆက်) ဦးကျော်ဟိုးက အလှူရှင်များ လှူဒါန်းမည့် စာအုပ်အရေအတွက်နှင့် လှူဒါန်းမှု တန်ဖိုးများကို ဖတ်ကြားတင်ပြသည်။

ထို့နောက်အလှူရှင်များဖြစ်ကြသော ဦးမောင်မောင်မြင့်အေး(လာဘ်မိုးစွေစာပေ)ကလှူဒါန်းသည့်ငွေကျပ်၃၂၀၀၀၀ တန်ဖိုးရှိ ရောင်ပြန်မဂ္ဂဇင်း၊ မနုစာရီမဂ္ဂဇင်း၊ မဟာမြိုင်မဂ္ဂဇင်း၊ အပျိုမမဂ္ဂဇင်းနှင့် မြရည်သီတာ မဂ္ဂဇင်း စုစုပေါင်းစာအုပ် ၄၀၀၊ ဦးကိုကိုမောင်(ပီတိဂျာနယ်)က လှူဒါန်းသည့် ငွေကျပ် ၁၁၅၀၀၀ တန်ဖိုးရှိ ချန်ပီယံဂျာနယ် ၄၆၀၀၊ ကွယ်လွန်သူ ဦးစောလှိုင် (လက်ထောက် အင်ဂျင်နီယာ–ငြိမ်း) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကလှူဒါန်းခဲ့သည့်ငွေ၁၀၈၅၄၆ ကျပ် တန်ဖိုးရှိ လုံးချင်းစာအုပ်မျိုးစုံ၊ အင်္ဂလိပ်စာအုပ်မျိုးစုံ၊ အင်္ဂလိပ်+မြန်မာမဂ္ဂဇင်းများ၊ ဂျာနယ်မျိုးစုံနှင့် မှန်ဗီရိုတစ်လုံး၊ ပခုက္ကူတက္ကသိုလ် ရူပဗေဒဌာန တွဲဖက်ပါမောက္ခ ဦးသိန်းဝင်း–ဒေါ်ခင်ကြူမာ (အမေ့ရွာ စာပျိုးခင်းမိသားစု)က ငွေကျပ် တစ်သိန်းတန်ဖိုးရှိ "စိတ်ကြေးမုံနှင့် လောကနီတိ"စာအုပ် ၁၀၀၊ ဦးစိုးနိုင်–ဒေါ်စိမ့်ဟန်နီ (ဇီဝစိုး အထွေထွေရောင်းဝယ်ရေးလုပ်ငန်း)က ငွေကျပ် ၉၉၂၀၀ တန်ဖိုးရှိ "ငန်းတို့ပျံသန်းလေရာ" စာအုပ် ၁၂၄ အုပ်၊ ဒေါက်တာ စံပယ်တင်(ကမ္ဘာ့ဇလမ်း ဗဟန်းမြို့နယ်)က ငွေကျပ် ၉၉၂၀၀ တန်ဖိုးရှိ စာအုပ် ၁၂၄ အုပ်၊ ဦးသန်းစိုး(ခေတ္တ–တိုကျိုမြို့)က ငွေကျပ် ၇၀၀၀၀ တန်ဖိုးရှိ စာအုပ် ၇၀၀၊ ဦးမြတ်စိုး–ဒေါ်သီတာ၊ သမီးစိုးဝင့်အိန္ဒြာ (ခေတ္တ–တိုကျိုမြို့)က ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ "ရည်မှန်းချက် နှင့်ပြဿနာအထွေထွေ" စာအုပ် ၁၀၀၊ ပါမောက္ခ ဒေါ်အေးသန်း (ငြိမ်း) မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံ ပညာရှင်များအဖွဲ့ အမှုဆောင်အဖွဲ့ဝင်က ငွေ ကျပ် ၄၅၀၀၀ တန်ဖိုးရှိ စိတ်ပညာရပ်ဆိုင်ရာ အင်္ဂလိပ်စာအုပ် ၁၅ အုပ်၊ ဦးဝင်းအောင်သန်း (ခေတ္တ–တိုကျိုမြို့)က ငွေကျပ် ၄၅၀၀၀ တန်ဖိုးရှိ "အရှုပ်ထဲမှာ ရှင်းအောင်နေ" စာအုပ် ၁၀၀၊ ဦးကျော်ကျော်နိုင်(ခေတ္တ–တိုကျိုမြို့)က ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ "စဉ်းစားစရာလေးတွေ" စာအုပ် ၁၀၀၊ ဦးမောင်မောင်ထွန်း(တာမွေမြို့နယ်)က ငွေကျပ်၃၉၂၀၀ တန်ဖိုးရှိ "ငန်းတို့ပျံသန်းလေရာ" စာအုပ် ၄၉ အုပ်၊ ဦးမြတ်စိုး–ဒေါ်စောခင်နီလာ (လသာမြို့နယ်)က ငွေကျပ် ၂၉၆၀၀ တန်ဖိုးရှိ "ငန်းတို့ပျံသန်းလေရာ"စာအုပ် ၃၇ အုပ်နှင့် ဦးအောင်စိုး–ဒေါ်မြင့်မြင့် (သင်္ဃန်းကျွန်းမြို့နယ်)က ငွေကျပ် ၄၀၀၀ တန်ဖိုးရှိ လုံးချင်းဝတ္ထု၊ မဂ္ဂဇင်း၊ စာစောင်နှင့် ဂျာနယ် အုပ်၁၂၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များ ကိုယ်စား ပါမောက္ခ ဒေါ်အေးသန်း (ငြိမ်း)၊ ဒေါ်ခင်ကြူမာ (အမေ့ရွာ စာပျိုးခင်း)နှင့်ဦးအောင်စိုးတို့ကစာအုပ်များလှူဒါန်းရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဇန်နဝါရီလအတွက်

(၁၁–၁–၂၀၀၄)ရက်

နှင့်

(၂၅–၁–၂၀၀၄)ရက်နေ့

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)ပြိုင်ပွဲ ဇန်နဝါရီ ၁၂ ရက်တွင် စတင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ် ITF နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်(TFM)တို့က ကြီးမှူး၍ အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) ပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၀ ရက်အထိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အိမ်ရှင်မြန်မာ၊ မလေးရှား၊ နီပေါ၊သီရိလင်္ကာ၊ ဘူတန်၊ မော်လဒိုက်၊ မွန်ဂိုလီးယား၊ ပါကစ္စတန်နှင့်လာအိုတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပါဝင်မည့်ပြိုင်ပွဲအမျိုးအစားများမှာ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတို့ဖြစ်သည်။ ပြိုင်ပွဲ အမျိုးအစား တစ်ခုစီမှအဆင့်(၁)မှ (၄)အထိ ရရှိသူများအား ITF Teamအဖြစ် ရွေးချယ်ခံရပြီး ဆုများချီးမြှင့်ပေးမည်ဖြစ်သည်။ ဆုရရှိသည့် အားကစားသမား များသည် ဖေဖော်ဝါရီလတွင် ဟောင်ကောင်၌ ကျင်းပမည့် Asian Championships Zone(1)ပြိုင်ပွဲသို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည် ဖြစ်သည်။

ယခု ကျင်းပမည့် ပြိုင်ပွဲကို Official Sponsorအဖြစ် Max Myanmar Co., Ltd၊ Htoo Trading Co., Ltd.၊ Ayer Shwe Wah Co., Ltd၊SSc Shwe Gon Dine Specialist Centreတို့ကလည်းကောင်း၊ Official Hotelအဖြစ် Traders Hotelကလည်းကောင်း၊ Official Office Equipment Supplierအဖြစ် Canonကလည်းကောင်း၊ Official Drinking Waterအဖြစ် Loi Hein(Alpine) က လည်းကောင်း၊ Official Coffeemix အဖြစ် Myanamr Distribution Group Co., Ltd.(Gold Roast Coffeemix)ကလည်းကောင်း၊ Official Sport Supplierအဖြစ် Wilson, နှင့် Adidas က လည်းကောင်း အသီးသီးပံ့ပိုးကူညီ ကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ ၃၁ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်း ခရိုင်ရုံး စာကြည့်တိုက်တွင် အသုံးပြုရန် ဦးမြသိန်း [စာရေးဆရာ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)] မြင့်မိုရ်ခေတ် ၁၀၀၀၀ ဝန်ဆောင်မှု ကုမ္ပဏီက ခရိုင်ဦးစီးဌာနအရာရှိ ဦးအုန်းခိုင်သို့ ငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၉–၁–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	နှာဝင်ငြိမ့်စီးသီချင်းကြီး
၄:၂၀	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၀	၆။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၄၀	၇။	မျိုးချစ်တပ်မတော်
၄:၅၀	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ်(ဘောဂဗေဒ) (ခ)တတိယနှစ် (အရှေ့တိုင်းပညာ)
၅:၃၀	၁၀။	ပညာခေတ်
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	မြန်မာ့ရှုခင်း
၆:၄၀	၁၆။	လျှပ်တစ်ပြက်
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်ခြေနင်းနှင့် ယမင်းရွှေစင်"** (အပိုင်း–၃၅)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုင်းပုနှင့် သောင်းချမ်"** (အပိုင်း–၁၉)

မြန်မာ့ရုပ်မြင်သံကြား

၉–၁–၂၀၀၄(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။	လူပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅	၇။	အကပြိုင်ပွဲ
၈:၁၀	၈။	ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၂၀	၉။	ဖြူးချောင်းတံတား
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	English for Everyday Use

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Demonstration Exercises for Cerrect Pronunciation
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀	၇။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၁၇:၄၅	၈။	နည်းစနစ်မှန်မှန်အားကစားအခြေခံ
၁၇:၅၅	၉။	နှောင်းခေတ်တေးပဒေသာ
၁၈:၀၅	၁၀။	မြန်မာ့ဆန်စက်လုပ်ငန်း ပြပွဲ–၂၀၀၄
၁၈:၁၅	၁၁။	Discovery
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	Milo Success in Soccer
၁၉:၁၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း–၂)
၁၉:၄၀	၁၆။	၂၀၀၄ခုနှစ် အသက်(၁၄)နှစ်အောက် အာရှတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ အကြိုလှုပ်ရှားမှု
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာရုပ်ရှင် **"ကောင်းကင်ထက်ကပန်းတစ်ပွင့်"** (အပိုင်း–၁) (လူမင်း၊ ထက်ထက်မိုးဦး၊ လှအဥ္ဆလီတင့်) (ဒါရိုက်တာ – ညွှန့်မြန်မာ ညီညီအောင်)

ရီပို့တာဂျာနယ် အမှတ်(၁၀၃)ထွက်ပြီ



ရန်ကုန် ဇန်နဝါရီ ၈

မြေနီကုန်းဖိုးလုံး၏ ဘမ်းမြို့က လျောင်ကြီးကို အကြောင်းပြုပြီး အမေရိကန်–အီရတ် ပုံမှန်ဆက်ဆံရေး ပြန်လည် ဖန်တီးနိုင်ပါ့မလား။ မင်းရွှေမောင်၏ ပြောင်းလဲလာသော ဂျက်ရှီးရက်ဖ်၏ သဘောထားများ အပါအဝင် ပင်တိုင်ဆောင်းပါးရှင်များ၏ လက်ရာများ အင်တာနက်သတင်းများကို ခေတ်ပုံ ဝေဝေဆာဆာဖြင့် Reporter နိုင်ငံတကာဂျာနယ် အမှတ် (၁၀၃) ထွက်နေပါပြီ။ ဖုန်း–၇၂၀၇၇၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ဝဲပုံ) (က–ပ)

အဆင့်မြင့်ဟော်ကီဒိုင်လူကြီး သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်နှင့် အပြည်ပြည်ဆိုင်ရာဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ဟော်ကီဒိုင်လူကြီးအဆင့်မြင့်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်က သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ အမှတ် (၂)စစ်ဒေသမှူး တပ်မတော်မှတ်တမ်းရုံးတပ်မှူးဗိုလ်မှူးချုပ်မျိုးမြင့်နှင့် အမှုဆောင်များ၊ သင်တန်းနည်းပြအဖြစ် အပြည်ပြည်ဆိုင်ရာဟော်ကီအဖွဲ့ချုပ် အစီအစဉ်ဖြင့်ရောက်ရှိလာသည့် ကမ္ဘာ့အဆင့်(၁) ဒိုင်နည်းပြ၊ ယခင် အိန္ဒိယနိုင်ငံလက်ရွေးစင် Kukoo Walia နှင့် ပြည်နယ်နှင့်တိုင်းများရှိ ဒိုင်လူကြီးများ တက်ရောက်ကြသည်။

စတင်ကျင်းပ

သင်တန်းတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** နိုင်ငံခြားဆက်ဆံရေးအရာရှိ ဦးကျော်နိုင်က နိုင်ငံတကာနည်းပြဆရာနှင့် မိတ်ဆက်ပေးပြီးနောက် သင်တန်းကို စတင်ကျင်းပသည်။ သင်တန်းကာလမှာ ဇန်နဝါရီ ၈ရက်မှ ၁၂ရက်အထိ ဖြစ်ကြောင်း သိရသည်။ (၂၁၀)

နယ်လှည့်စာကြည့်တိုက် ဒဂုံအထက(၁)တွင်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်(ကျောက်တံတား) က ကြီးမှူး၍ ဇန်နဝါရီ ၅ ရက်နံနက်က ဒဂုံမြို့နယ်အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၁)ခန်းမဆောင်တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုးနှင့် ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုးက မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး၊ လူငယ်နှင့်အနာဂတ်တာဝန်၊ နယ်လှည့်စာကြည့်တိုက် အကြောင်းကို ဟောပြောပြီး ကျောင်းအုပ်ဆရာကြီးဦးကျော်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (က-ပ)

နိုင်ငံတကာအဆင့်မီ အလှပြင်သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၈

အမျိုးသမီးများအတွက် တတ်သင့်သော အလှပြင်နည်းပညာရပ်များကို အလုပ်ဝင်ရန်နှင့်ဆိုင်ဖွင့်နိုင်သည် အထိ အခြေခံကျကျ တာဝန်ယူသင်ကြားပေးလျက်ရှိသည်။ စိတ်ဝင်စားသူများနှင့် သင်တန်းတက်လိုသူများ Sud Suai အမှတ် ၂၈၃ မြေညီထပ် လမ်း ၄၀၊ ကျောက်တံတားမြို့နယ် ဝါဝါသန်းအလှပြုပြင်ရေး အမှတ် ၆၈ မြေညီထပ် အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ရန်ကုန်မြို့ ဖုန်း-၂၄၄၄၈၃ နှင့် Cute Care Food Manufacturing Co.,Ltd. အမှတ် ၅၅-စီ ရှင်စောပုလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)



နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဖေဖော်ဝါရီလထုတ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၈

တွေ့ဆုံခြင်းရောင်ခြည်၊ ပညာပေးရောင်ခြည်၊ လက္ခဏာရောင်ခြည်၊ လမ်းညွှန်ရောင်ခြည်၊ အထူးကဏ္ဍရောင်ခြည်၊ ကိုယ်တွေ့ရောင်ခြည်၊ ထူးခြားဆန်းကြယ် ရောင်ခြည်၊ ဆေးမြီးတိုရောင်ခြည်၊ ကျင့်စဉ်ရောင်ခြည်တို့ပါရှိပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို အမှတ် ၂၃၃၊ ၂၉လမ်း ဖုန်း-၂၄၂၂၈၄က ဖြန့်ချိလိုက်သည်။ (အပေါ်ဝဲပုံ) (က-ပ)

မလွန်ဆန်လူ့အသင်းထောက်အဖွဲ့ ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

စစ်ကိုင်းတောင်ရိုးသီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ဒေါက်တာဉာဏိဿရဆရာတော်ကြီးသည် ရွှေပြည်သာမြို့နယ် မလွန်ဆန်လူ့အသင်း ထောက်အဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၁)ကြိမ်မြောက်ဆွမ်းဆန်တော်အကြိုရေစက်ချတရားပွဲမကျင်းပမီ (မလွန်ဆန်လူ့အထူး) တရားပွဲအဖြစ် ဇန်နဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) ညတွင် ထ/၁၆ ရပ်ကွက် မြို့ပတ်လမ်း မလွန်ဓမ္မသဘင်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဟု သိရသည်။ (က-ပ)

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် ကျွန်တော် ဦးတင်ထွန်း၏ဇနီး ဒေါ်ဝင်းတင် (စိတ္တဇဝေဒနာရှင်)သည် ၁၃-၁၁-၂၀၀၃ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန် ကျေးဇူးဆပ်ပါမည်။

ဖုန်း-၅၇၉၇၃၂
၁၀/တောင်၊ (၁၂) ရပ်ကွက်၊
အမှတ် ၉၉၄ (ခ)၊
သဃ္ဃာဝတီ ၆ လမ်း(အရှေ့)၊သာကေတ။

ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်းဗိုလ်စွဲ

ရန်ကုန် ဇန်နဝါရီ ၈

(၃၉)ကြိမ်မြောက် ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇန်နဝါရီ ၃ ရက် ညနေ ၃ နာရီက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်းက ဧရာဝတီတိုင်း ရဲတပ်ဖွဲ့အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း၌ သွင်းယူခြင်းဖြစ်သည်။ ပထမဂိုးကို ၉ မိနစ်တွင် သော်ဇင်၊ ဒုတိယဂိုးကို ၁၅မိနစ်တွင် သက်လွင်စိုး၊ တတိယဂိုးကို ၁၇ မိနစ်တွင် သူရကျော်၊ စတုတ္ထဂိုးကို မိနစ် ၃၀ တွင် သူရကျော်၊ ပဉ္စမဂိုးကို ၃၄ မိနစ်တွင် မိုးကျော်ထွေးက သွင်းယူသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်းမှ သက်လွင်စိုးက ရရှိသည်။

ဗိုလ်လုပွဲအပြီးတွင် ပထမဆုရရှိသွားသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အသင်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ရဲချုပ်ဒိုင်းနှင့် ဆင့်ပွားဒိုင်းကို ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်ကုန်စည်ပြပွဲ-၂၀၀၄ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနတွင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုပံ့ပိုး ကူညီမှုဖြင့် ရန်ကုန်ကုန်စည်ပြပွဲ-၂၀၀၄ Yangon Trade Fair-2004 ကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန Yangon Trade Centre တွင် Quartz International Co., Ltd. က စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ပြည်တွင်းပြည်ပမှ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ် ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန် ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးပစ္စည်းအမျိုးမျိုး၊ အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုး၊ စက္ကူစာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်းအမျိုးမျိုး၊ အသေးစား စက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့်ဆေးဝါးပစ္စည်းအမျိုးမျိုး၊ ဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုးတို့ကို ပြပွဲလာရောက်သူများအတွက် ကံစမ်းမဲအစီအစဉ်၊ ပြခန်းအလှဆုံးပြင်ဆင်မှု ရွေးချယ်ခြင်းနှင့် Star Intertainment ၏ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်သည်။ (က-ပ)

ပရီးမီးယားရှစ် ပွဲစဉ်(၂၂)အပေါ် ကြိုတင်အမြင်နှင့်အတွေး

ဟိန်းသန့်

အင်္ဂလန်ပရီးမီးယားရှစ်၏ ပွဲစဉ်(၂၁)ကို ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ရက်များ၌ ဆက်လက်ကစားမည်ဖြစ်သည်။ တစ်ပတ်အတွင်း နှစ်ရက်စီသာခြား၍ အက်ဖ်အေနှင့် ပရီမီယာရှစ်ပွဲများကို ဆက်တိုက်ဆိုသလို နွှဲထားရ၍ အရန်အင်အားမကောင်းသည့် အသင်းများအတွက် ပွဲပန်းမှုဒဏ်က ဒုက္ခပေးဖွယ်ရှိနေသည်။ ယခုပွဲစဉ်၌ ထိပ်ဆုံးက သုံးသင်းအနက် ချယ်လ်ဆီးတစ်သင်းသာ အဝေးကွင်း၌ သွားကစားရမည်ဖြစ်သည်။

မန်ယူနှင့် အာဆင်နယ်တို့မှာမူ အိမ်ကွင်း၌ နယူးကာဆယ်၊ မစ်ဒယ်ဘရော့အသင်းများကို လက်ခံကစားရမည်ဖြစ်ရာ နှစ်သင်းစလုံး၏ အနေအထားမှာ သိပ်မကွာလှပေ။ ချယ်လ်ဆီးက လက်စတာနှင့်ကစားရမည် ဆိုသော်လည်း ချယ်လ်ဆီး၏ လက်ရှိခြေစွမ်းအရကတော့ လက်စတာနှင့် အကြိတ်အနယ်ကစားရမည့် အခြေအနေတွင် ရှိနေသည်။ ယခုကစားမည့်ပွဲစဉ်တွင် ပြီးခဲ့သည့် ဩဂုတ်လကုန်ပိုင်းက ကစားခဲ့သည့် ပွဲစဉ်(၂)၏ အပြန်အလှန်ပွဲများပင် ဖြစ်သည်။ ထိပ်ဆုံးမှာ မန်ယူလား၊ အာဆင်နယ်လား ရင်ခုန်စွာဖြင့် စောင့်ကြည့်ရပါဦးမည်။

ပွဲစဉ် (၂၁) ၁၀/၁၁-၁-၂၀၀၄

အာဆင်နယ်-မစ်ဒယ်ဘရော့

ပထမအကျော့အဖြေမှာ မစ်ဒယ်ဘရော့ ဝ-၄ အာဆင်နယ်ဖြစ်သည်။ ထိုရလဒ်က ယခုကစားရမည့် အာဆင်နယ်အသင်း၏ စိတ်ဓာတ်ကို မြှင့်တင်ပေးရာ ရောက်နေသည်။ သတိထားရမည်က မစ်ဒယ်ဘရော့၏ ခြေစွမ်းပင်ဖြစ်သည်။ မစ်ဒယ်ဘရော့ ခြေမှန်နေသည်။ အထူးသဖြင့် မစ်ဒယ်ဘရော့၏ ခံစစ်ကစားပုံကောင်းသည်။ ကွင်းလယ်ကလည်း မာသည်။ ဘိုတန်က အဖျက်၊ ဂျူနင်ဟိုက တိုက်စစ်ဖြင့် ကွင်းလယ်မှ ဟန်ကျပန်ကျ လှုပ်ရှားပေးနိုင်ကြသည်။

သို့သော်ခက်နေသည်က မစ်ဒယ်ဘရော့၏ တိုက်စစ်အားပင်ဖြစ်သည်။ မစ်ဒယ်ဘရော့တိုက်စစ်၌ မည်သူ့ကို အားကိုးရမည်မသိသေး။ ဂိုးရအောင် အဆုံးသတ်ကောင်းသည့် တိုက်စစ်မှူးမျိုးမရှိ ဖြစ်နေသည်။ ထိုအနေအထားဖြင့် အာဆင်နယ်၏ ဟိုက်ဘူရီသို့ လာကစားရမည်ဖြစ်ရာ မစ်ဒယ်ဘရော့အတွက် မျှော်လင့်စရာအဖြေမှာ သရေထက်ပိုနိုင်လိမ့်မည် မထင်မိပေ။

ထို့ကြောင့် မျှော်လင့်ထားသည့် သရေ ရနိုင်ရေးအတွက် မစ်ဒယ်ဘရော့ အသင်းအနေဖြင့် သူတို့၏ အားကောင်းသော ခံစစ်ကို ယခုပွဲ၌ အားပြုထားနိုင်သည်။ ထို့ကြောင့် အာဆင်နယ်တို့ ဂိုးရ မရသာ တွက်ဆဖို့ လိုလိမ့်မည်။ ယခုနောက်ပိုင်း အာဆင်နယ်ကစားပုံ ပိုတည်ငြိမ်လာနေသည်။ ပွဲအစအဆုံးလည်း တိုက်စစ်ကို ဖိဖိစီးစီး ပိုကစားလာနေသည်။ အာဆင်နယ် နောက်ဆုံးကစားထားသည့် ပွဲများကို ကြည့်လိုက်ပါ။ ပရီးမီးယားရှစ်၌ ဝုလ်ဖ်ကို ၃-ဝ (အိမ်ကွင်း)၊ ဆောက်သမ်တန်ကို ၁-ဝ(အဝေးကွင်း)၊ အက်ဖ်အေ၌ လိဒ်စ်ကို ၄-၁(အဝေးကွင်း)ဖြင့် အနိုင်ယူထားသည်။ စုစုပေါင်း ရှစ်ဂိုးသွင်းပြီး တစ်ဂိုးသာပြန်ပေးထားရသည်။ အာဆင်နယ် ဂိုးပြတ်သော ပွဲနှစ်ပွဲကိုကြည့်လျှင် အာဆင်နယ်တို့ ပွဲပြီးခါနီး နောက်ဆုံးအချိန်ထိ ဂိုးရရေးအတွက် လုံးပန်းနေကြသည်ကို တွေ့ရလိမ့်မည်။ ထိုအခြေအနေအရ ပြောင်းလဲလာသော အာဆင်နယ်၏ ကစားပုံကို မြင်နိုင်သည်။ ရှေ့တန်းက အွန်နရီ၊ ပီရက်စ်နှင့် ယွန်းဘတ်တို့ တိုက်စစ်ကလည်း ထက်မြက်နေသည်။ ထို့ကြောင့် ဟိုက်ဘူရီ၌ အာဆင်နယ်တို့ အနိုင်ယူလိမ့်မည် ထင်သည်။

ဘာမင်ဂမ်-ဆောက်သမ်တန်

ပထမအကျော့၌ ဂိုးမရှိ သရေကျထားကြသည်။ လက်ရှိအနေအထားတွင်မူ ဘာမင်ဂမ် ဒဏ်ရာပြဿနာများ ကြုံနေရသည်။ အထူးသဖြင့် ခံစစ်က အပ်ဆန် မကစားနိုင်သည်က ဘာမင်ဂမ်အတွက် အတော်လေးကို အထိနာသွားစေသည်။ လာဇာရီဒစ်လည်း မကစားနိုင်၊ အားကိုးရမည့် ဒေးဗစ်ဒန်း၏ အခြေအနေကလည်း မရေမရာဆိုတော့ ဘာမင်ဂမ်အတွက် စိန့်တွေကို အနိုင်ယူရေးမှာ အတော်လေးကို ကြိုးစားနိုင်မှ ဖြစ်နိုင်လိမ့်မည်။ ဆောက်သမ်တန်ကလည်း ခုနောက်ပိုင်း ခြေပြန်ကျသွားသည်။ ခံစစ်ယိုဖိတ်နေသလို တိုက်စစ်ကလည်း အားကိုးမရ ဖြစ်နေသည်။

ထိုအနေအထားမှ လွတ်မြောက်နိုင်ရန်အတွက် နိုင်ပွဲပြန်ရရန် လိုနေသည်။ ထို့ကြောင့် ဒဏ်ရာများဖြင့် အခက်ကြုံနေသည့် ဘာမင်ဂမ်အသင်းအပေါ် အခွင့်ကောင်းယူနိုင်ရန် ကြိုးစားလိမ့်မည်။ သို့ရာတွင် စိန့်တို့ကို တိုက်စစ်နှင့် အဝေးကွင်း၌ ကစားရမည့်အနေအထားတို့က စိန့်တို့ကို မယုံရဲသလို ရှိနေမိသည်။ သရေပွဲဟုသာ မှန်းထားလိုက်ချင်သည်။

ဘလက်ဘန်း-ဘော်လ်တန်

ဘလက်ဘန်းတို့ ရှန်းရင်းကန်ရင်း အမှတ်လိုက်စုနေသည်။ အိမ်ကွင်းဖြစ်နေ၍ မျှော်လင့်နိုင်သော်လည်း ဘလက်ဘန်း၏ ခြေစွမ်းအတက်အကျ မြန်လွန်းနေသည်။ နောက်ဆုံးကစားထားသည့် အဝေးကွင်း နှစ်ပွဲစလုံးကိုလည်း အနိုင်ရအောင် မကစားနိုင်ခဲ့။ မစ်ဒယ်ဘရော့ကို သရေကျပြီး အက်စတန်ဗီလာကို ရှုံးထားသည်။ ၂-၂၊ ဝ-၂။ ဘော်လ်တန်မှာ အိုကိုချာ ပါဝင်နိုင်ဖွယ်မရှိ။ လူသစ်တိုက်စစ်မှူး မိုရီနိုနှင့် ဂိုးသမား ဒိုနိုဖန်ရီကတ်တို့ကို ပွဲထုတ်လာဖွယ်ရှိသည်။ အိုကိုချာ မပါ၍ တိုက်စစ်ကို ဖန်တီးပေးနိုင်မှု စွမ်းအား ကျသွားနိုင်သော်လည်း ဘော်လ်တန်၏ ကစားအားကို လျှော့တွက်၍မရသေး။ အသင်းကို ထိန်းပေးနိုင်သည့် ဂျော့ကတ်ဖ်နှင့် ကမ်ပို တို့လို ကစားသမားများ ရှိနေသေးသည်။

သို့သော် နောက်ဆုံးကစားခဲ့သည့် ပရီးမီးယားရှစ် သုံးပွဲနှင့် အက်ဖ်အေတစ်ပွဲ ပေါင်း လေးပွဲဆက်တိုက် နိုင်ပွဲမရခဲ့သည့်အတွက်တော့ ဘလက်ဘန်းအတွက် မျှော်လင့်ချက် ရှိနိုင်သည်။ ပထမအကျော့ ကစားစဉ်ကလည်း ၂-၂ သရေကျထားကြရာ ယခုပွဲ၌လည်း သရေပွဲထပ်ပြီး ဖြစ်နိုင်ခြေ များနေသည်။

ချာလ်တန်-ဝုလ်ဖ်

ဝုလ်ဖ်၏ အဝေးကွင်းကစားပုံ မစွံလှပါ။ အဝေးကွင်း၌ ရှုံးပွဲဆက်နေပြီး ဂိုးများလည်း ခပ်များများပေးတတ်သည်။ ချာလ်တန်အသင်းအတွက် ပရီမီယာရှစ် တစ်ခုတည်းသာ အာရုံစိုက်ဖို့ကျန်တော့သည်။ ထို့ကြောင့် ချန်ပီယံလိဂ်ဝင်ခွင့် ပစ်မှတ်မှာ ချာလ်တန်၏ မျှော်လင့်ချက် ဖြစ်လာနိုင်သည်။ အက်ဖ်အေ၌ ဂီလင်ဂမ်ကို ရှုံးခဲ့ရသည့် သိက္ခာကိုလည်း ပြန်ဆယ်ပြရဦးမည်ဖြစ်ရာ ယခုပွဲ၌ ဝုလ်ဖ် တို့ မလွယ်တော့။ ဂိုးပြတ်မရှုံးခဲ့လျှင်တောင် ဝုလ်ဖ်တို့ ကျေနပ်သင့်သည်။

ဖူလ်ဟမ်-အဲဗာတန်

နှစ်သင်းစလုံး ခြေစွမ်းချင်း မတိမ်းမယိမ်း ရှိကြသည်။ သို့ရာတွင် ယခုကစားသည့် နောက်ပိုင်းပွဲများ၌ ဖူလ်ဟမ်ခြေခပ်ပျက်ပျက် ဖြစ်နေသည်။ နောက်ဆုံးကစားခဲ့သည့် ခြောက်ပွဲ (အက်ဖ်အေပွဲ ချာလ်တင်ဟမ်နှင့်ပွဲ အပါအဝင်)တွင် သုံးပွဲနိုင်သည်။ နိုင်သည့်သုံးပွဲစလုံးက အိမ်ကွင်းမှာချည်းဖြစ်သည်။ ထိုအချက်က အဝေးကွင်း၌ ကစားပုံ အားပျော့လေ့ရှိသည့် အဲဗာတန်အတွက် အခက်တွေ့မည့်ပုံရှိသည်။ ပြီးခဲ့သည့် နှစ်ရာသီဆက်တိုက် ဖူလ်ဟမ်ကွင်း၌ အဲဗာတန်တို့ ရှုံးပွဲကြုံထားဖူးသည်။ နှစ်ရာသီစလုံး ၂-ဝဖြင့်ပင် ရှုံးထားခြင်းဖြစ်သည်။ ပထမအကျော့ အဲဗာတန်ကွင်း၌ အဲဗာတန် ၃-၁ဖြင့် အနိုင်ရထားသည်။ ထိုအနိုင်ဖြင့် ယခုပွဲကိုမှန်းဆ၍ မဖြစ်နိုင်။ ထိုနှစ်သင်းအတွက် အိမ်ကွင်း အဝေးကွင်းက စကားပြောလေ့ရှိသည်။ ထို့ကြောင့် ယခုပွဲကို ဖူလ်ဟမ်နိုင်မည့်ပွဲဟု သတ်မှတ်ထား၍ ရနေသည်။

လိဒ်စ်-တော့တင်ဟမ်

နှစ်သင်းစလုံးအတွက် အမှတ်ရဖို့ အရေးကြီးနေချိန်ဖြစ်သည်။ ထို့ကြောင့် ယခုပွဲ၌ အမှားအယွင်း အတိမ်းအစောင်း အဖြစ်ခံ၍မရ။ အနိုင်ရရေးအတွက် ကြိုးစားပြီး တိုက်ပွဲဝင်ကြပေလိမ့်မည်။ သို့သော် နှစ်သင်းစလုံး၏ခြေစွမ်းများကလည်း မှန်းရခက်နေသည်။ ထိုနှစ်သင်းယှဉ်လျှင် တော့တင်ဟမ်က ပိုဆိုးသလို ရှိသည်။ ပရီမီယာရှစ် နောက်ဆုံးလေးပွဲဆက်တိုက် တော့တင်ဟမ် နိုင်ပွဲမရှိ ရဂိုးကလည်းတစ်ဂိုးသာရှိသည်။ အဝေးကွင်း နောက်ဆုံးလေးပွဲစလုံးကိုလည်း ရှုံးပွဲဆက်ခဲ့ပြီး သွင်းဂိုးတစ်ဂိုးသာရှိသည်။ ယခုကစားရမည်ကလည်း အဝေးကွင်းဖြစ်နေပြန်သည်။ တော့တင်ဟမ်တို့ လိဒ်စ်အသင်းကိုလည်း လေးရာသီဆက်တိုက် လိဒ်စ်ကွင်း၌ အနိုင်ရခဲ့ဖူးရာ မည်သို့စဉ်းစား စဉ်းစား တော့တင်ဟမ်တို့ အနိုင်ရရေး မလွယ်ကူသည့် ပွဲမျိုးပင်ဖြစ်သည်။

လက်စတာ-ချယ်လ်ဆီး

ပထမအကျော့ အိမ်ကွင်း၌ ချယ်လ်ဆီးတို့ ၂-၁ဖြင့် အနိုင်ရရန်အတွက် အတော်လေးကို ကြိုးစားခဲ့ရသည်။ ယခုကစားရမည့်ကွင်းက လက်စတာ၏ ကွင်းဖြစ်နေသည်။ ပြီးခဲ့သည့် သုံးရာသီဆက်တိုက် လက်စတာနှင့်ချယ်လ်ဆီးတို့ ကစားခဲ့သည့် ရလဒ်ကိုကြည့်လိုက်လျှင်လည်း ချယ်လ်ဆီးတို့ ခက်ခက်ခဲခဲ ကစားရလေ့ရှိကြောင်း ပြနေသည်။ ၂၀၀၁-၂၀၀၂ လက်စတာ ၂-၃ ချယ်လ်ဆီး၊ ၂၀၀၀-၂၀၀၁ လက်စတာ ၂-၁ချယ်လ်ဆီး၊ ၁၉၉၉-၂၀၀၀ လက်စတာ ၂-၂ ချယ်လ်ဆီး၊ တစ်ခုပြောစရာတော့ရှိသည်။ ချယ်လ်ဆီးအသင်းမှာ ထိုစဉ်က ကစားခဲ့သည့်အသင်းထက် ပိုပြီး အင်အားကောင်းနေသည့်အသင်း ဖြစ်နေပြီဟု ဖြစ်သည်။

မှန်သည်။ ချယ်လ်ဆီးတို့အနေဖြင့် လူအင်အားတော့ ပိုတောင့်လာသည်။ သို့သော် အသင်း၏ခြေစွမ်းမှာ သိသိသာသာ ပြောင်းလဲမှုမရှိသေး။ အထူးသဖြင့် ယခုတလော ပွဲများ၌ ချယ်လ်ဆီးတို့ ခြေပျက်နေသည်က လက်စတာအတွက် မျှော်လင့်နိုင်ခွင့်များ ရှိနေသည်။ လက်စတာအသင်းအနေဖြင့် အိမ်ကွင်း နောက်ဆုံး လေးပွဲကို အရှုံးမရှိ တစ်ပွဲနိုင်၊ သုံးပွဲသရေကျထားသည်။ လက်စတာတို့ သရေကစားထားသည့် အသင်းများ၌ ချာလ်တန်၊ အာဆင်နယ်၊ နယူးကာဆယ်တို့ ပါနေသည်။ ထိုအချက်က လက်စတာတို့ ချယ်လ်ဆီးကို ကောင်းကောင်းယှဉ်နိုင်စွမ်း ရှိကြောင်း ပြနေသလိုပင်။ ချယ်လ်ဆီး၏ခြေမှာမူ ခန့်မှန်းရခက်နေချိန်မျိုး ဖြစ်သည်။

အထူးသဖြင့် ခံစစ်ပိုင်း၌ တည်ငြိမ်မှု အားနည်းနေသည်။ သို့ရာတွင် မန်ယူ၊ အာဆင်နယ်တို့ကို အမီလိုက်ရန် အရေးကြီးနေသည့် အချိန်မျိုး၌ ချယ်လ်ဆီးတို့ အမှတ်ထပ်မဖြုန်းတီးမိဖို့ သတိထားလိမ့်မည် ထင်သည်။ ချယ်လ်ဆီး မရှုံးအောင် ထိန်းကစားနိုင်ဖို့တော့ များပေသည်။

လီဗာပူး-အက်စ်တန်ဗီလာ

လီဗာပူး၌ လူပြန်စုံလာနိုင်ပြီဖြစ်ရာ အဝေးကွင်း အားနည်းလေ့ရှိသည့် ဗီလာတို့အတွက် ပွဲကျပ်တော့မည်ဖြစ်သည်။ အထူးသဖြင့် လီဗာပူးရှေ့တန်း၌ အိုဝင်ပြန်ပါနိုင်သည့်အပြင် ဟက်စကီးလည်း ဂိုးပြန်သွင်းနေပြီဖြစ်ရာ ဗီလာခံစစ်ကြောင်း အလုပ်များဖို့ရှိသည်။ ပထမအကျော့ ဗီလာပါ့ခ်မှာ ကစားစဉ်က ဂိုးမရှိ သရေကျအောင် ထိန်းနိုင်ခဲ့သော်လည်း အန်ဖီးလ်စ်၌ ထိုသို့ ပြန်ထိန်းကစားနိုင်ရန်မှာ ဗီလာအတွက် ခက်နေနိုင်သည်။ ဗီလာတို့ မျှော်လင့်နိုင်သည်က ရှေ့တန်းက အိန်ဂျယ်နှင့် ဗတ်ဆဲလ်တို့၏ ဂိုးသွင်းအားပင် ဖြစ်သည်။ သူတို့ ခြေစွမ်းပြနိုင်ပါက လေးနေပြီဖြစ်သော လီဗာပူးခံစစ်ကို ဒုက္ခပြန်ပေးနိုင်လိမ့်မည်၊ မဟုတ်ပါက ယခုပွဲမှာ လီဗာပူးပွဲဖြစ်သွားဖို့ များနေသည်။ အိန်ဂျယ်နှင့် ဗက်ဆဲလ်တို့ ခြေစွမ်းပြ မပြ စောင့်ကြည့်ရပေတော့မည်။

မန်ယူ-နယူးကာဆယ်

အိုးလ်ထရက်ဖို့ဒ်၌ ကစားတိုင်း မန်ယူကို နယူးကာဆယ်တို့ ရှိန်နေသည့်ပုံပင်။ နောက်ဆုံး လေးရာသီဆက်တိုက် နယူးကာဆယ်တို့ ရှုံးပွဲဆက်ထားသည်။ ရှုံးသည်မှ ဂိုးပြတ်များနှင့်ချည်းပင်။ ၅-၃ (၂၀၀၂-၂၀၀၃)၊ ၃-၁ (၂၀၀၁-၂၀၀၂)၊ ၂-ဝ (၂၀၀၀-၂၀၀၁)၊ ၅-၁ (၁၉၉၉-၂၀၀၀)။ ယခုရာသီ၌လည်း နယူးကာဆယ်၏အခြေအနေက သိပ်ပြီးထူးလိမ့်မည်မထင်။ အသင်းကလည်း ပရီမီယာရှစ်၌အဝေးကွင်းကစားပုံ မကောင်းသေးသည့်အပြင် ရှီးယားလည်း ဂိုးမသွင်းနိုင်သည်မှာ ကြာသွားပြီဖြစ်သည်။ ဒိုင်ယာဘယ်လောက် ခြေစွမ်းတွေပြပြ၊ ဘယ်လာမီပဲ ဝင်ကစားပြီး ခြေစွမ်းတွေ ဘယ်လိုပဲပြပြ အိုးလ်ထရက်ဖို့ဒ်တွင်မူ နောက်ဆုံးပွဲအသိမ်း၌ မန်ယူပင် နိုင်သွားပါလိမ့်ဦးမည်။

ပို့စ်မောက်-မန်စီးတီး

မန်စီးတီးကွင်းတွင်ပထမအကျော့ပွဲ၌ ၁-၁ သရေကျထားသည်။ ပို့စ်မောက် အိမ်ကွင်းကစားပုံတော့ ကောင်းသည်။ အသင်းက လူအိုကြီးများ ပရိသတ်အားနှင့်ထပြီး ခြေစွမ်းပြတတ်သည်။ မန်စီးတီးကတော့ နိုင်ပွဲပျောက်နေသည်မှာ ကြာနေပြီဖြစ်သည်။ ရှေ့ကဂိုးသွင်းပြီး ဘယ်လိုပင် ဦးဆောင်ကစားကစား အချိန်တန်လျှင် သရေပွဲဖြစ်ချင်ဖြစ် မဟုတ်လျှင် မန်စီးတီးတို့အရှုံးပေါ်ပြီး ပွဲပြီးသွားတတ်သည်။ ကစားပုံကောင်းသော်လည်း ခံစစ်က စိတ်မချရ ဖြစ်နေသည်။ ထိုအခြေအနေဖြင့် အတွေ့အကြုံများသည့် လူအိုကြီးများ၏ ပို့စ်မောက်အသင်းကို အဝေးကွင်း၌ ယှဉ်နိုင်ရေးမှာ ခက်နေဦးမည့်ပုံပင်။ ပို့စ်မောက်သရေ သို့မဟုတ် အနိုင်ရနိုင်သည့် ပွဲမျိုးဖြစ်သည်။ ။

ကြည့်ရှုစစ်ဆေး

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော သောင်ကြီး-ဇရပ်ကွင်း-အညာတန်း-မျှော့ထူ ကျေးလက်မြေသားလမ်း ဖောက်လုပ်မှုကို ဒီဇင်ဘာ ၁၈ရက်က ရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးစဉ်။

(က-ပ)

ဒီဇင်ဘာ ၂၂ရက်က ဇလွန်မြို့နယ် ရွှေကျောင်းကျေးလက်လမ်းမြေသားပြုပြင်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမင်းလတ်တို့ ကွင်းဆင်း စစ်ဆေးကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့ အောင်ချမ်းသာ(၁) ရပ်ကွက် ခေမာရာမသီလရှင် စာသင်တိုက် ပဓာနနာယက ဆရာကြီး ဒေါ်စန္ဒာ ဦးဆောင်၍ သီလရှင်ဆရာလေးများက ဇန်နဝါရီ ၃ရက်တွင် မြတ်စွာဘုရားအား မဟာပဋ္ဌာန်းတော်ကြီးဖြင့် ငါးရက်တိတိ ရွတ်ဖတ်ပူဇော်ရာ ပဋ္ဌာန်းအောင်ပွဲအဖြစ် မြို့နယ် သံဃနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်စဉ်။ (က-ပ)

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု စစ်ချီစစ်ရေးတေးပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၄ခုနှစ် မတ်၂၇ရက်နေ့တွင် ကျရောက်မည့် (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ စစ်ချီစစ်ရေးတေးပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီက တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

စစ်ချီတေးပြိုင်ပွဲနှင့်ပတ်သက်၍ အလွတ်တန်းအဆင့်တစ်ဆင့်တည်းသာ သတ်မှတ်ထားပြီး စစ်ရေးတေးပြိုင်ပွဲအနေဖြင့် အဆင့်(၁)နှင့် အဆင့်(၂) နှစ်ဆင့်သတ်မှတ်ထားသည်။ ပြိုင်ပွဲအဆင့်တိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် အထူးဆုများကိုပါ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲတေးသီချင်းများ၏စည်းကမ်း သတ်မှတ်ချက်များမှာ စစ်ချီစစ်ရေးတေးပြိုင်ပွဲ စစ်ချီတေးပြိုင်ပွဲတွင် အဆင့် ခွဲခြားထားမှုမရှိဘဲ အလွတ်တန်းအနေဖြင့် မည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့် ပြုမည်ဖြစ်သည်။ စစ်ရေးပြိုင်ပွဲတွင် အဆင့်(၁)၊ အဆင့်(၂)ဟူ၍ အတန်း နှစ်တန်းခွဲခြား ယှဉ်ပြိုင်စေမည်ဖြစ်သည်။

စစ်ချီစစ်ရေးတေးပြိုင်ပွဲအတွက် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်တို့အပြင် ရှေးခေတ်တပ်မတော်၊ တော်လှန်ရေးခေတ် တပ်မတော်၊ လွတ်လပ်ရေးရပြီးခေတ် တပ်မတော်စသည့် တပ်မတော်တစ်ခုခုအား ဂုဏ်ပြုရေးစပ် သီကုံးကြရမည်။

စစ်ချီတေးအတွက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး စစ်ရေးတေးတွင် အဆင့်(၁)နှင့် အဆင့်(၂)ဟူ၍ နှစ်ဆင့်ခွဲခြားထားပြီး အဆင့်(၁)ရှိသူ ဂီတစာဆိုနှင့် တေးသံရှင်များအား အဆင့်(၂)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် ခွင့်ပြုမည်မဟုတ်ပါ။ ထို့အပြင် စစ်ရေးတေးအဆင့်(၂)တွင် ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် အဆင့်(၁)တွင်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ပြိုင်ပွဲတွင်တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အနေဖြင့်သော်လည်းကောင်း သီချင်းတစ်ပုဒ်ကိုသာ ယှဉ်ပြိုင်ခွင့်ပြုမည်။ ပြိုင်ပွဲဝင် စစ်ချီတေးသီချင်းများသည် စစ်သီချင်းစပ်ထုံးစပ်နည်းစနစ်များနှင့်အညီ ကိုက်ညီရမည်။ စစ်ရေးတေးသီချင်းများသည် မြန်မာ့တေးသွား၊ မြန်မာ့ဟန်ဖြစ်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စစ်ချီ စစ်ရေးတေးအားလုံးသည် ကိုယ်ပိုင်သံစဉ်တေးသွားဖြစ်ရမည်။ မြန်မာတေး စပ်ဆိုနည်းများနှင့်အညီ အပိုဒ်၏အဆုံးချ ကာရန်များ တူညီရမည်။ အချိန် လေးမိနစ်မှ ခြောက်မိနစ်အတွင်းသာ ဖြစ်ရမည်။ ပြိုင်ပွဲဝင် သီချင်းများကို ခိုင်ခံ့သောအဆိုနှင့် သင့်တင့်သော တီးခတ်မှုများဖြင့် ပဏာမပါဝင်ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲဝင်ကက်ဆက်တိပ်ခွေ သို့မဟုတ် Reel ခွေ သို့မဟုတ် Digital Auto Tapeတစ်ခွေတွင် တေးသီချင်းတစ်ပုဒ်သာ အသံသွင်းယှဉ်ပြိုင်ရမည်။ ခေါင်းစဉ်ကို သင့်လျော်သလိုပေးနိုင်သည်။ ပြိုင်ပွဲဝင်တေးသီချင်းစာသားကို လက်နှိပ်စက်မိတ္တူ ၁၀ရွက်နှင့် Music Notesမူရင်းတစ်ရွက်ကို ကက်ဆက်တိပ်ခွေ သို့မဟုတ် Reelခွေ သို့မဟုတ် Digital Auto Tape တစ်ခွေနှင့် တစ်ပါတည်း ပူးတွဲတင်ပြရမည်။ ပြိုင်ပွဲဝင်တေးရေးသူ၊ တေးဆိုသူတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ် နှင့်ရောင်စုံပတ်(စ်)ပို့အရွယ်တစ်လက်မခွဲ×နှစ်လက်မ ဓာတ်ပုံသုံးပုံ ပူးတွဲပေးပို့ရမည်။ပဏာမရွေးချယ်ခြင်းခံရသူများအား အကြောင်းကြားမည်။ ပဏာမရွေး ချယ်ခံတေးများသည် အပြီးသတ်ရွေးချယ်ခံနိုင်ရန်အတွက် ပြန်လည်အသံသွင်းပြီး အသံသွင်းကြိုးခွေ တိပ်ခွေဖြင့် ထပ်မံယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်တေးသီချင်းများကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ၃၁ရက် နောက်ဆုံးထား၍ ဦးကိုကိုထွေး၊ အတွင်းရေးမှူး တပ်မတော်နေ့ စစ်ချီစစ်ရေး တေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ မြန်မာ့အသံ နှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ကြရန် ဖြစ်သော်လည်း ယခုနှစ်တွင် ပြိုင်ပွဲဝင်ဦးရေ တိုးပွားရေး အတွက် ပြိုင်ပွဲဝင်များအား နောက်ဆုံးထား ပေးပို့ရမည့် ရက်အား၂၀၀၄ခုနှစ် ဇန်နဝါရီ၁၅ရက် အထိ ရက်တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေတံခါးများ၊ရေပေးမြောင်း၊ရေသွယ်မြောင်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၈

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ၂၆ရက်က ပြည်ခရိုင်၌ ၂၀၀၃/၂၀၀၄ခုနှစ် နွေစပါးစိုက်ပျိုးရေးစီမံကိန်း ဧက ၇၉၄၈၀ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေဖြင့် နွေစပါးဧက ၇၅၅၃၀စိုက်ပျိုးမည့် ဧရိယာများ၊ ဆည်မြောင်းဦးစီးဌာနက နွေစပါးဆည်ရေပေးဝေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ရေတံခါးများ ပြုပြင်ခြင်း၊ ရေပေးမြောင်း၊ ရေသွယ်မြောင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်မှူးကြီးလှမင်းနှင့် အဖွဲ့ဝင်များသည် ပေါက်ခေါင်းမြို့ နယ်အတွင်းရှိတောင်နဝင်းဆည် ဒီအို(၉) (DO.9) ရေထုတ်ပြွန်သို့ရောက်ရှိ၍ ပြည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊သဲကုန်းမြို့နယ်များမှ တာဝန်ရှိသူများအား တွေ့ဆုံကာ ဆည်ရေပေးဝေမှု၊ မြောင်းပြုပြင်မှုများကို ညှိနှိုင်းဆောင်ရွက်ကြသည်။ ထိုမှတစ်ဆင့် ဗိုလ်မှူးကြီးလှမင်းသည် ဒီအို(၉) (DO.9) ရေထုတ်ပြွန်မှ တောင်နဝင်းဆည်ရေကိုမြောက်နဝင်းဆည် ရေသောက် စနစ်သို့ ပေးပို့ပြီးသဲကုန်းမြို့နယ်တွင် နွေစပါးဧက၂၅၀၀၊ ပြည်မြို့နယ်တွင် နွေစပါးဧက ၁၂၀၀စုစုပေါင်း နွေစပါးဧက၃၇၀၀ စိုက်ပျိုးနိုင်မည့် ဆည်ရေပေးစနစ်များ၊ ရေပေးမြောင်း ပြင်ဆင်မှုလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဗိုလ်မှူးကြီးလှမင်းနှင့် တာဝန်ရှိသူများသည် သဲကုန်းမြို့နယ်သို့ ရောက်ရှိ၍တောင်နဝင်း ဆည်ရေဖြင့် နွေစပါးဧက၁၀၀စိုက်ပျိုးမည့် ရေပေးမြောင်းမကြီး ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းများနှင့် ရေပေးမြောင်း လက်တံအလိုက်၊ ကျေးရွာအုပ်စုအလိုက်၊ ကွင်းအလိုက်၊ တောင်သူတစ်ဦးချင်း နွေစပါးစိုက်ပျိုးမည့် စည်းရုံးပြင်ဆင်မည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဗိုလ်မှူးကြီးလှမင်းနှင့် အဖွဲ့ဝင်များသည် ဆည်မြောင်းဦးစီးဌာနက ပြုပြင်ဆောင်ရွက်ထားသည့် ဝဲကြီးဆည်ရေပေးစနစ်နှင့် တောင်နဝင်းဆည် ရေပေးစနစ်လမ်းကြောင်းခွဲ ပြုပြင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်မှူးကြီးလှမင်းနှင့်အဖွဲ့ဝင်များသည် သဲကုန်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပွဲပြည့်ခြံစိုက်ကွင်းသို့ရောက်ရှိ၍ စိုက်ကွင်းမန်နေဂျာရုံး အစည်းအဝေးခန်းမတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာနှင့် ပြည်ခရိုင်မန်နေဂျာ၊ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁ရက် သတ်မှတ်သည့်နေ့မှစ၍ ဆည်ရေများ အလေအလွင့်မရှိဘဲ စနစ်တကျ ပေးဝေနိုင်ရေးကို လည်းကောင်း၊ နွေစပါးဧက ၁၀၀၀ အထိ တိုးချဲ့စိုက်ပျိုးနိုင်မည့် အလားအလာများကို လည်းကောင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

